# ဇော်သစ် ရဲ့

# ရသရှုမျှော်ခင်း



## အချစ်
## တစ်ခါသုံးအိပ်မက်

ကျွန်တော် အိပ်မက်တစ်ခုမက်တယ်။ အဲ့ဒီ အိပ်မက်အကြောင်း ခင်ဗျားကို ကျွန်တော်ပြောပြမယ်။ ဒါပေမယ့် အဲဒီအကြောင်းကို ခင်ဗျား နားထောင်ပြီးတဲ့အခါ၊ ခင်ဗျားအတွက် တစ်ခုခုရလိမ့်မယ်လို့တော့ ကျွန်တော် အာမမခံနိုင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ကျွန်တော့်အိပ်မက် က အိပ်မက်ဆိုတဲ့အတိုင်း အိပ်မက်ပီသစွာ အိပ်မက် တစ်ခုထက် ဘာမှ မပိုခဲ့လို့ပေါ့။ တကယ်တော့လူ့ဘဝဆိုတာ အိပ်မက်တစ်ခုလိုပါပဲဗျာ။ မွေးဖွားခြင်းကနေ အစ ပြုပြီး အိပ်ပျော်လာလိုက်ကြတာ ရှင်သန်ခြင်း ဆိုတဲ့ အိပ်မက်ရှည်ကြီးကို ကျွန်တော်တို့ တစ်ရှိုက်မက်မက် မက်နေကြ ရတယ်။

ပြီးတော့ . . . . .

နောက်တစ်ကြိမ်မွေးဖွားခြင်းနဲ့ အိပ်မွေ့ချခံကြရဦးမယ်။ အဝိဇ္ဇာဆို တဲ့ အမှောင်ကို မရှောင်လွှဲနိုင်သမျှ၊ သံသရာဆိုတာ ကျွန်တော်တို့ အတွက်တော့ (ဘယ်ကစလို့ ဘယ်မှာဆုံးမှန်းမသိတဲ့) နေ့ရက်ရှည် တစ် ခု လိုပါပဲ။ အခု ကျွန်တော်ပြောပြမယ့်အိပ်မက်ဆိုတာ အဲဒီနေ့ရက်ရှည် တွေထဲက တစ်ညသဉ္ဇမှာ မက်ခဲ့ရတဲ့ အိပ်မက်တစ်ခုပေါ့။

*

ကျွန်တော့်မှာ ကိုသူဆိုတဲ့ သူငယ်ချင်းတစ်ယောက်ရှိတယ်။ သူနဲ့ ကျွန်တော်ဟာ စားအတူ၊ သွားအတူ၊ ပေဖော်ပေဖက်၊ ငယ်ပေါင်းကြီးဖော်သူငယ်ချင်းဆိုလည်း မမှားဘူး။ စာပဝေါသနာပါတာခြင်းလည်းတူပြီး တစ်နေ့ကျရင် စာရေးဆရာ တစ်ယောက်ဖြစ်အောင် ကြိုးစားကြမယ်ဆိုတဲ့ ရည်ရွယ်ချက်ချင်းလည်း တူကြတယ်။

ဒါပေမယ့်ဗျာ . . . .

သူနဲ့ကျွန်တော် တစ်ယောက်ကိုတစ်ယောက် ဘယ်လောက်ပဲ သံယောဇဉ်ကြီးကြီး၊ သူ့အိမ်နဲ့ ကျွန်တော့်အိမ်ကတော့ တစ်ရပ်ကွက်ထဲမှာ အတူရှိပြီး သုံးနဲ့လေးလို အမြဲကျောပေးနေခဲ့ကြတယ်။

*

## အိပ်မက် အခန်း (၁)

အိပ်မက်ထဲမှာ သူနဲ့ကျွန်တော် လမ်းအတူလျှောက်လာခဲ့ကြတယ်။ လမ်းလျှောက်လာတယ်လို့သာ ပြောရတာ၊ လမ်းကိုတော့ ကျွန်တော်တို့ မမြင်ကြရဘူး။ အိပ်မက်ဆိုတဲ့အတိုင်း မရေမရာကြီးပေါ့။

အာကာသဟင်းလင်းပြင်ကြီးထဲကို နှစ်ယောက်သား ရောက်နေသလိုခံစားရတယ်။ ကျွန်တော်တို့ ထက်အောက်မြေပြင် ဘေးပတ်ဝန်းကျင်နေရာမှန်သမျှ အနက်ရောင်တွေချည်းပဲ။ ဘာမှမရှိဘူး။ အချိန် နာရီကာလအပိုင်းအခြားတွေလည်း မရှိဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ရဲ့ ခြေလှမ်းတွေက အရေအတွက်ဘယ်လောက်တိုးတိုး၊ ကျွန်တော့်စိတ်ထဲမှာတော့ အခုမှ ပထမဆုံးခြေလှမ်းကို စလှမ်းနေရသလို ခြေလှမ်းတိုင်းမှာ ခံစားနေရတယ်။ ကိုသူ့မျက်နှာကို တစ်

ချက်လှမ်းကြည့်လိုက်တော့ သူလည်း ဒီလိုပဲ ခံစားနေရတယ်ဆိုတာ သိလိုက်ရတယ်။

*

## အိပ်မက် အခန်း (၂)

အိပ်မက်ထဲမှာ ကျွန်တော်တို့ လမ်းလျှောက်လာကြတာ ဘယ်လောက်ကြာသွားပြီလဲတော့ ကျွန်တော်မသိဘူး။ ဒါမှမဟုတ် အခုမှပဲ စလျှောက်လှမ်းနေကြသလားဆိုတာလည်း ကျွန်တော် မဝေခွဲနိုင်ဘူး။

အဲဒီအချိန်မှာ ရုတ်တရက်ဆိုသလိုချက်ချင်းကြီး ကျွန်တော်တို့နှစ်ယောက်ရဲ့ ဘေးပတ်ဝန်းကျင်က မြင်ကွင်းတွေ ဟာပြောင်းလဲသွားတယ်။ ထူပိန်းပိန်း အနက်ရောင်ထုကြီးတစ်ခုအဖြစ်ကနေ ရောင်စုံဖူးပွင့်နေတဲ့ ပန်းဥယျာဉ်ကြီးတစ်ခု ဖြစ်သွားတယ်။ ပန်းဥယျာဉ်ကြီးတစ်ခုဆိုတော့ ပန်းတွေကတော့ အမျိုးမျိုးအဖုံဖုံ ရောင်စုံရှိတာပေါ့ဗျာ။ ဒါပေမယ့် အဲဒီပန်းဥယျာဉ်ကြီးထဲကပန်းတွေကို အပြင်လောကမှာ ကျွန်တော်တစ်ခါမှ မမြင်ဖူးဘူး။ တိတိကျကျပြောရရင် အဲဒီပန်းဥယျာဉ်ကြီးထဲကပန်းတွေရဲ့အလှတရားလောက် စိတ်ကူးယဉ်ဆန်ဆန်လှတဲ့အလှ ကျွန်တော့်ဘဝမှာ မတွေ့ဖူးဘူး။

တကယ့်တော့ ဥယျာဉ်ဆိုတာ သစ်ပင်တွေကို တစ်စုတစ်ဝေးတည်း မြင်ရတဲ့နေရာပါ။ အပင် အမျိုးမျိုးကို စုစည်းထားတဲ့ နေရာဆိုပါတော့။ သစ်ပင်ဆိုကတည်းက ပင်စည်၊ အပွင့်၊ အရွက်၊အသီး၊ အခက် အလက်တွေနဲ့ သူ့ရဲ့ပုံစံကို ပေါ်လွင်အောင်ဖော်ပြနိုင်ရင်တော့ အကောင်းဆုံးပေါ့။ ဒါပေမယ့် ဒီဥယျာဉ်ထဲကအပင်တွေကို အဲ့ဒီလို မဖော်ပြနိုင်တာ

ကျွန်တော့်ကို ခွင့်လွှတ်ပါ။ ပြောနိုင်တာကတော့ ကျွန်တော့်အိပ်မက်ထဲက ပန်းဥယျာဉ်ကြီးတစ်ခုလုံးဟာ အလှတရားအောက်မှာ ပြားပြားမှောက်သွားရရှာတဲ့ အားနည်းချက်ကြီးတစ်ခုလိုပါပဲ။ အဲဒီ ဥယျာဉ်ကြီးကိုကြည့်ပြီး ကိုသူ့ကို ကျွန်တော်စကားလှမ်းပြောလိုက်တယ်။ ပြောလိုက်တယ်လို့ ထင်တယ်။

''ဒီအကြောင်း ကဗျာရေးသင့်တယ်''

ကျွန်တော့် စကားအဆုံးမှာ ကိုသူက စဉ်းစားနေသလို ခဏငြိမ်နေပြီးမှ ....

''မဟုတ်ဘူး၊ ကဗျာမရေးသင့်ဘူး။ ကဗျာဆိုတာ စကားလုံးအများကြီးသုံးလို့မရတော့ သိပ်လေးနက်တဲ့ အကြောင်းအရာတွေအတွက် ပြောပြဖို့ မလုံလောက်ဘူး။ တကယ့်တော့ ဒီဥယျာဉ်ကြီးထဲက အလှတရား တစ်ခုစီအတွက် အရမ်းပြောင်မြောက်တဲ့ဝတ္ထုတစ်ပုဒ်စီ ကြိုးစားဖန်တီးသင့်တယ်။''

ကိုသူဟာပြောပြီးမှ ကျွန်တော့်ရဲ့ထင်မြင်ချက်ကို တစ်ဖန်ပြန်ပြီး ငုံ့လင့်နေသလိုပုံစံမျိုးနဲ့ လှမ်းကြည့်နေတယ်။

“တကယ့်တော့လည်း သူငယ်ချင်းရယ် နှလုံးသားထဲမှာတွင်းဆုံးကျအောင် လှရက်တဲ့ အလှတရားတွေ ဆိုတာ ဘာနဲ့မှဖွဲ့နွဲ့လို့ မကောင်းပါဘူး။ ငါ့အတွက်တော့ တစ်ခုခုပြီးဆုံးသွားရင် ခံစားချက်တွေအကုန်လုံး ဆွဲနှုတ်ခမ်းခံလိုက်ရသလို နှလုံးသားမှာ ဗလာကျင်းကျန်ခဲ့မှာကို မလိုလားဘူး။”

ကိုသူဟာ ကျွန်တော့်စကားကို ပြန်ချေပတော့မယ့်ဟန် ပြင်ပြီးမှ၊ တစ်ခုခုကို စဉ်းစားမိသွားသလိုပုံစံနဲ့ သက်ပြင်းမောတစ်ခုကို စိမ်ပြေနပြေ ရှိုက်ထုတ်ပစ်လိုက်သည်။ တကယ်တော့ သူကျွန်တော့်ကို

အဲဒီလို ပြန်မပြောဖြစ်လိုက်တာကိုက အရာအားလုံးအတွက် ကောင်းပါတယ်။ (သူရော၊ ကျွန်တော်ရော နှစ်ယောက်စလုံး) စကားလုံးတွေကို အပြန်အလှန်ကြားနေရပေမယ့် ဒါဟာ စိတ်ထဲကကြားသလား။ နာက ကြားသလား ဆိုတာကတော့ မသေချာပါဘူး။

ဘယ်လိုဖြစ်ဖြစ်... သူကျွန်တော်ကို မပြောဖြစ်လိုက်တဲ့ စကားလုံးတွေအတွက် သူ့နှလုံးသားဟာ ကွက်လပ်ဖြစ်မကျန်ခဲ့သလို၊ ကျွန်တော့်အတွက်လည်း ဒီအိပ်မက် ဆက်မက်လို့ကောင်းသွားတာတော့ အမှန်ပါ။ အရာအားလုံးကို အိပ်မက်ပြီးဆုံးမှ မေ့သင့်ရင် မေ့ပစ်ကြတာပေါ့။

အခုတော့...

အိပ်မက်ကိုပဲ ဂရုတစိုက် ဆက်မက်ကြတာပေါ့ဗျာ....။

*

## အိပ်မက် အခန်း(၃)

သည့်နောက်ပိုင်းမှာတော့ .....

ကိုသူနဲ့ကျွန်တော့်ရဲ့အိပ်မက်ထဲမှာ မြင်ကွင်းတွေဟာ ခဏခဏ ပြောင်းနေတော့တာပါပဲ။ တစ်ခါတစ်ရံ အလွန်မြင့်မား မတ်စောက်နိုင်လွန်းတဲ့ တောင်တန်းတွေဖြစ်သွားလိုက်...။ တစ်ခါတစ်ရံ လွင်တီးခေါင်ကန္တာရ...။ တစ်ခါတစ်ရံ မြစ်ချောင်း၊ အင်းအိုင်၊ ပင်လယ်သမုဒ္ဒရာတွေဖြစ်သွားလိုက်နဲ့...။ ဘာမှကို အတည်တကျမရှိတော့ဘူး။ အရင်ကထက်ပိုပြီး ဆင်းရဲပင်ပန်းလာတာလည်း အမှန်ပါပဲ။ အိပ်မက်ဆိုတာ တကယ်မဟုတ်မယ့်အတူတူ၊ နည်းနည်းသက်သောင့်သက်သာရှိဖို့တော့ ကောင်းတာပေါ့ဗျာ။ အထဲကအမျိုးမျိုး ပြောင်းလဲနေတဲ့မြင်ကွင်းတွေဆိုတာ ကို

သူနဲ့ ကျွန်တော့်ရဲ့ စိတ်ခံစားချက်ကြောင့်၊ ဒါမှ မဟုတ် ဘဝ အတွေ့အကြုံကြောင့် ပြောင်းလဲနေတာ ဖြစ်ကောင်းဖြစ်ပါလိမ့်မယ်...။ သေတော့ မသေချာဘူး ပေါ့ဗျာ.....။

ဘာပဲပြောပြော.....

ကိုသူနဲ့ ကျွန်တော်ဟာ အလွန်မြင့်မားမတ်စောက် နိုင်လွန်းတဲ့ တောင်တန်းကြီးတွေကို အပြုံပြုံ အလဲလဲ ကြားထဲကပဲ ထိပ်ဆုံးထိ ရောက်အောင် တက်နိုင်ခဲ့တယ်။ ပင်ပန်းဆင်းရဲငတ်မွတ်ခြင်းတွေနဲ့ လွင်တီးခေါင်ကန္တာရတွေကိုလည်း ကျော်ဖြတ်နိုင်ခဲ့တယ်။ ပင်လယ် သမုဒ္ဒရာ မြစ်ချောင်းတွေကိုလည်း လေပြင်းမုန်တိုင်း လှိုင်းတံပိုးတွေ ကြားကနေ ကမ်းရောက်အောင် ကူးနိုင်ခဲ့တယ်။ ဒါတွေအားလုံးဟာ လည်း ကျွန်တော်တို့အိပ်မက်ထဲမှာပါပဲ...။

ကျွန်တော့်အိပ်မက်ဟာ အဆိုးတွေချည်းပဲတော့မဟုတ်ပါဘူး။ တစ်ခါတစ်ရံ တောအုပ်ညို့ညို့ထဲက စမ်းချောင်းလေးဘေးမှာ ကိုသူနဲ့ ကျွန်တော် စမ်းရေစီးသံလေးတွေကိုနားထောင်ပြီး၊ စိတ်ကူးနဲ့ ကဗျာ တွေ၊ စာတွေရေးကြတယ်။ လက်တွေ့ချမရေးဖြစ်တာကတော့ နှလုံးထဲ မှာတစ်ခုခု ကျန်မနေခဲ့မှာ ကြောက်လို့ပေါ့။

ဒီလိုနဲ့ .....

ကိုသူနဲ့ ကျွန်တော် ထူပိန်းပိန်း အနက်ရောင်ဟင်းလင်းပြင်ကြီးထဲ ပြန်ရောက်သွားကြပြီး အိပ်မက်ထဲမှာ လမ်းဆက်လျှောက်နေကြပြန် တယ်။ လမ်းတစ်လျှောက်တွေ့ရတဲ့ အနက်ရောင်မြင်ကွင်းတွေကိုတော့ အထူးတလည် ပြောမနေချင်တော့ဘူး။ ဘာလို့လဲဆိုတော့ အနက်ရောင် ဆိုတာ တစ်ဖွဲ့တစ်နွဲ့ ပြောလို့မကောင်းတဲ့ မကောင်းမှု ဒါမှမဟုတ် အဝိဇ္ဇာလေ...။ ဒေါ့အပြင် လမ်းအဆုံးမှာ ကျွန်တော်တို့တွေ့လိုက်ရတဲ့

အရာက ဒီအိပ်မက်တစ်လျှောက်လုံးမှာ အထူးခြားဆုံး ဖြစ်နေလို့ပဲ။ ပြီးတော့ အဲဒီအရာဟာ ဒီအိပ်မက်တစ်ခုလုံးကို ဖုထစ်ရုန်းကြွလာအောင် ပြောင်းလဲပစ်မယ့် အရာလည်း ဖြစ်နေပြန်တယ်....။

*

## အိပ်မက် အခန်း(၄)

အဲဒီအရာက ...

အလင်းတန်းတစ်ခုပါ။

အရောင်က အဖြူရောင်၊ စတွေ့စကတော့ သိပ်မထူးဆန်းသလိုပါပဲ။ ဒါပေမယ့် ကြည့်ရင်းကြည့်ရင်းနဲ့ မှ သူ့ရဲ့ထူးခြားမှုကို သတိထားမိလာတာ။ ကျွန်တော်တို့ နှစ်ယောက်ရှေ့မှာ၊ အဲဒီအလင်းတန်း တဖြည်းဖြည်း ထုထည်ကြီးမားလာတော့မှ သူ့ရဲ့အရောင်ကို အဖြူရောင်လို့ သာမန်ကာလျှံကာ ပြီးစလွယ်ပြောလို့မရမှန်း သဘောပေါက်လာတယ်။

ဆွတ်ဆွတ်ဖြူတဲ့ အဖြူ....

ကြည်လင်သန့်ရှင်းတဲ့ အဖြူ....

စင်ကြယ်ဝင်းပတဲ့အဖြူ....

အိုဗျာ ... ကုန်ကုန်ပြောရရင် သူ့လောက်အဖြူရောင်စစ်တဲ့ အဖြူစစ်စစ်ကို ကျွန်တော် တစ်ခါမှ မတွေ့ဖူးဘူး။ (ဒီအိပ်မက်ပြီးသွားတဲ့အခါ) နောက်ထပ်ဘယ်မှာမှလည်း ရှာလို့မတွေ့နိုင်လောက်ပါဘူးလေ....။ ဒီအလင်းတန်းကို စတွေ့လိုက်ရတဲ့အချိန်မှာ (အမှောင်ထုထဲမှာ အကြာကြီး လမ်းလျှောက်ခဲ့ရတဲ့) ကျွန်တော်တို့ နှစ်ယောက်လုံး မျက်လုံး

တွေပြာဝေပြီး ထိတ်လန့်အံ့ဩသွားတယ်။ အချိန်အတော်ကြာတဲ့အထိ မှင်တက်မိပြီး တစ်ယောက်ကိုတစ်ယောက် ဘာစကားမှလည်း မပြော ဖြစ်ကြဘူး။

နောက်တော့တဖြည်းဖြည်း ဒီအလင်းတန်းကို စိုက်ကြည့်နေရင်းက ကျွန်တော်တို့ရဲ့ ထိတ်လန့် အံ့ဩစိတ်တွေ ပျောက်ကုန်ပြီး...။ ငြိမ်းချမ်းခြင်း၊ နွေးထွေးခြင်း၊ ရင်ခုန်လှိုက်မောခြင်း၊ ဝမ်းမြောက်ပျော်ရွှင်ခြင်း စ တဲ့ခံစားမှုတွေဟာ ကျွန်တော်တို့ ရင်ထဲကို ဝင်ရောက်လာပါတယ်။ အဲဒီ ခံစားချက်တွေနဲ့အတူ ကျွန်တော်တို့ ကြည့်နေတဲ့ အလင်းတန်းဟာ လည်း အဖြူရောင်ကနေ တဖြည်းဖြည်း ပြောင်းလဲလာခဲ့ပါတယ်။

ပန်းရောင်....

အပြာရောင် ...

အဝါရောင်....

အနီရောင် ...

အရောင်တွေမှ စုံလို့ ...။ အပြင်လောကမှာတွေ့ခဲ့ရတဲ့ အရောင်တွေ အားလုံးဟာ ဒီအိပ်မက်ထဲမှာ တွေ့ရတဲ့အရောင်တွေလို မစစ်မှန်ဘူး။ တကယ်မဟုတ်ဘူးဆိုတဲ့အတွေးကိုလည်း ဒီတစ်သက်ဘယ်လိုမှ ဖျောက်လို့ရနိုင်မယ် မထင်တော့ပါဘူးဗျာ။ အဲဒီလို အရောင်တွေ ပြောင်းလဲနေတာ ပထမတော့ ဖြည်းဖြည်းလေးပါပဲ။ နောက်တော့ တဖြည်းဖြည်း မြန်မြန်လာတယ်။

ဘယ်လိုမှ ထပ်မြန်လို့မရတော့တဲ့ အမြန်ဆုံးအချိန်ကို ရောက်သွား တဲ့အခါမှာတော့၊ ကျွန်တော်တို့ စိုက်ကြည့်နေတဲ့ အလင်းတန်းကြီးဆီက အတောက်ပဆုံး၊ အလင်းလက်ဆုံး အလင်းတန်းတစ်ခု ဖြာခနည်း ပွင့်

ထွက်လာတယ်။ ကျွန်တော်တို့ မျက်လုံးတွေကလည်း ဘယ်လိုမှမခံမရပ်နိုင်အောင်ကို ပြာဝေစူးရှသွားတယ်။ ကိုသူရော၊ ကျွန်တော်ရော လုံးဝသည်းမခံနိုင်တော့တဲ့ အဆုံးမှာ မျက်လုံးတွေကို မမှိတ်ချင်ဘဲနဲ့ မှိတ်ပစ်လိုက်ကြရတယ်။

ခဏနေတော့....

ကျွန်တော်တို့ မျက်လုံးတွေကို ဖြည်းဖြည်းချင်း ပြန်ဖွင့်ကြည့်လိုက်တဲ့အခါ၊ တွေ့လိုက်ရတာက ....။ ကောင်မလေးတစ်ယောက်....။ ကမ္ဘာပေါ်မှာ ရှိရှိသမျှ အလှတရားအားလုံး သိမ်ငယ်ခေါင်းငုံ့ ဝပ်ဆင်းသွားရလောက်အောင် လှတဲ့အလှတရားပိုင်ရှင်...။ ကောင်မလေးတစ်ယောက်....။ အဲဒီအလင်းတန်းထဲကနေ တစ်လှမ်းချင်း လျှောက်ထွက်လာတယ်။ ကျွန်တော်တို့ရဲ့ ရှိရှိသမျှ စိတ်ကူးတွေ၊ မာန်မာနတွေ၊ မျှော်လင့်ချက်တွေအားလုံး သူ့ခြေဖဝါးအောက်မှာ ဒူးတုပ်ဝပ်တွား ခယသွားရပြီ။ ကိုသူရော၊ ကျွန်တော်ပါ...။ အိပ်မက်ထဲက ကောင်မလေးကို ချစ်မိသွားရပြီပေါ့....။

*

## အိပ်မက် အခန်း(၅)

ဒီတစ်ခါ ....

အိပ်မက်ထဲမှာ ကျွန်တော်မြင်နေရတာက .... လက်ဝှေ့ကြိုးဝိုင်းစင်မြင့်ကြီးတစ်ခု....။ လက်ဝှေ့ကြိုးဝိုင်းစင်မြင့်ကြီးရဲ့ ဘေးတစ်ဖက်တစ်ချက်မှာ ကိုသူနဲ့ကျွန်တော်၊ ကြိုးဝိုင်းရဲ့ အလယ်ခေါင်မှာတော့ ကံကြမ္မာဆိုတဲ့ကောင်က မိုက္ကရိုဖုန်းတစ်လုံးကိုင်ပြီး၊ ကျွန်တော်တို့နှစ်ယောက်ရဲ့

နာမည်ကို ရွှင်မြူးတက်ကြွစွာ ကြေငြာနေလေရဲ့။ ကျွန်တော်သိလိုက်ပြီ…။ ဒီလက်ဝှေ့ကြိုးဝိုင်းဟာ ကျွန်တော်တို့နှစ်ယောက်အတွက်ပဲ ဆိုတာ…။

ဒီကိစ္စကို ကျွန်တော်တို့ ဘယ်လိုမှ ရှောင်လွဲလို့မရတော့ဘူး။ အေးအတူပူအမျှ ငယ်ပေါင်းကြီးဖော်ဆိုတဲ့ သူငယ်ချင်းသံယောဇဉ်တွေကို ဘေးဖယ်ထားပြီး ၊ ဒီလက်ဝှေ့ပွဲကို ကျွန်တော်တို့ ရေကုန်ရေခန်း ထိုးသတ်ရတော့မယ်။ ဒီပွဲမှာ အနိုင်ရတဲ့သူကသာလျှင် အိပ်မက်ထဲက ကောင်မလေးကို ပိုင်ဆိုင်ရတော့မယ်။ ကျွန်တော် သိလိုက်ပြီ…။

ကိုသူ့ကို ကြည့်လိုက်တော့၊ သူလည်း အပြီးအပိုင် ဆုံးဖြတ်ပြီးတဲ့ပုံစံနဲ့ မျက်လုံးတွေကိုစုံမှိတ်ပြီး လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင်ဆုပ်ထားတယ်။ သူ့ရဲ့မှိတ်ထားတဲ့ မျက်လုံးအစုံရဲ့ထောင့်မှာ တွဲခိုနေတဲ့ တစ်စုံတစ်ရာကို ကျွန်တော်တွေ့လိုက်ရသလိုပဲ။ ပြီးတော့ သူ့ရဲ့ တင်းတင်းဆုပ်ထားတဲ့ လက်နှစ်ဖက်ထဲမှာ ကျွန်တော်တို့ရဲ့ ငယ်သူငယ်ချင်းသံယောဇဉ်ဟာ ရစရာမရှိအောင်ကို ကြေမွသွားရပြီပေါ့။ ကျွန်တော်ကရော ဘာတတ်နိုင်မှာလဲ။ မျက်လုံးမှိတ်၊ အံကြိတ်ပြီး လက်ဝှေ့ကြိုးဝိုင်းထဲဝင်ဖို့ ဆုံးဖြတ်လိုက်ရတယ်။

''ကိုသူရယ် … ငါ့ကိုခွင့်လွှတ်ပါ….''

လက်ဝှေ့ကြိုးဝိုင်းထဲဝင်ဖို့ ကျွန်တော်ဆုံးဖြတ်လိုက်တယ် ဆိုရင်ပဲ၊ စင်မြင့်ပေါ်တက်စရာမလိုဘဲ အလိုလို ကြိုးဝိုင်းထဲရောက်သွားတယ်။ လက်ဝှေ့ကြိုးဝိုင်းရဲ့ အလယ်ခေါင်မှာ ကိုသူနဲ့ကျွန်တော် ထိပ်တိုက်တွေ့ကြပြီပေါ့။ ကြိုးဝိုင်းထဲရောက်မှ သိလိုက်ရတာက ကံကြမ္မာဆိုတဲ့ အကောင်ဟာ တကယ်တော့ ဒိုင်လူကြီး မဟုတ်ပါဘူး။ ပွဲစီစဉ်သူသက်သက်ပါ။ သူဟာ ကျွန်တော်တို့ရဲ့ ထိုးသတ်ပွဲမှာ ဘာမှဝင်မပြောဘဲ

ဘေးကထိုင်ကြည့်နေတယ်။ အပြန်အလှန်၊ အကြိတ်အနယ်နဲ့ သူသေကိုယ်သေထိုးသတ်မယ့် ပွဲကောင်းတစ်ပွဲကိုစီစဉ်လိုက်ရလို့ ကျေနပ်အားရနေတဲ့ပုံစံမျိုး။

လက်ဝှေ့ပွဲတွေမှာ စပြီဆိုရင် စတင်ထိုးသတ်ဖို့ အချက်ပေးတဲ့အသံဆိုတာရှိတယ်။ ဒါပေမယ့် ကျွန်တော်နဲ့ ကိုသူရဲ့ပွဲစဉ်မှာတော့ ဘာသံမှမကြားလိုက်ရဘဲ ပွဲကစနေပြီ။

ပွဲစတယ်ဆိုရင်ပဲ ကိုသူဟာ ကျွန်တော့်ဆီကို တဇွတ်ထိုး ပြေးဝင်လာတယ်။ သူ့ကိုကြည့်ရတာ လူတစ်ယောက်နဲ့တောင် မတူတော့ဘူး။ ရက်ပေါင်းများစွာ အစာငတ်ခံထားတဲ့ လူ့ဘီလူးတစ်ကောင်လိုပဲ။ ကျွန်တော့်အနားကပ်လာပြီး ထိုးလိုက်တဲ့ လက်သီးချက်တွေဆိုတာကလည်း စတင်းဂန်းနဲ့ပစ်နေသလား မှတ်ရတယ်။

ကိုသူရော၊ ကျွန်တော်ပါ အပြင်လောကမှာ ကိုယ့်ခံပညာဆိုလို့ ဘာမှမယ်မယ်ရရ တတ်မထားပါဘူး။ ဒါပေမယ့် အိပ်မက်ထဲမှာ ကိုသူထိုးသတ်နေတဲ့ပုံကတော့ တကယ့်အံ့ဩလောက်တယ်ဗျာ။ တကယ့် ဝါရင့်လက်ဝှေ့ သမားကြီး ကျနေတာပဲ။ ဝိုက်လက်သီး၊ ပင့်လက်သီး ၊ထောက်လက်သီး၊ ဒူး၊ တံတောင်၊ အို ... စုံလို့ဗျာ။ သူထိုးပုံကိုကြည့်ပြီး အိပ်မက်ထဲကလက်ဝှေ့ပွဲဟာ အင်္ဂလိပ်နည်းနဲ့ ထိုးတာလား။ ဗမာနည်းနဲ့ ထိုးတာလား၊ ဒါမှမဟုတ် မသေမချင်းသတ်ရမယ့် လူသတ်ပွဲလားဆိုတာ ကျွန်တော်တောင် မခွဲခြားတတ်တော့ဘူး။

သူကသာကျွန်တော့်ကို အဲဒီလို တရမန်းကြမ်းထိုးနေပေမယ့် ကျွန်တော်ကတော့ သူ့ကို တစ်ချက်မှပြန်မထိုးခဲ့ပါဘူး။ သူထိုးတဲ့ လက်သီးချက်တွေနဲ့တိုက်ကွက်တွေကိုပဲ စနစ်တကျ ရှောင်တိမ်း နေခဲ့တယ်။ အံ့ဩစရာကောင်းတာက သူ့ရဲ့တိုက်ခိုက်မှုတွေကို ဘေးမသီရန်

မခအောင် ရှောင်တိမ်းနိုင်ခဲ့တဲ့ ကျွန်တော်ပဲ။ ကျွန်တော်ဘယ်လိုကြောင့် ဒီလောက်သပ်သပ်ရပ်ရပ် ရှောင်တိမ်းနိုင်ခဲ့သလဲ။ ကျွန်တော် မသိဘူး။

တစ်ချီမှာတော့ သူနဲ့ကျွန်တော် လုံးထွေးသတ်ပုတ်နေရာကနေ လူချင်းကွဲသွားတယ်။ ကြိုးဝိုင်းစင်မြင့်ရဲ့ ထောင့်တစ်ထောင့်စီကို ကျွန်တော်တို့ ရောက်သွားတာပေါ့။ ကိုသူ့ကို လှမ်းကြည့်လိုက်တော့ အဆက်မပြတ် တိုက်ခိုက်ခံရလို့ သူလည်းအတော်မောပန်းနေပုံပဲ။ ကျွန်တော်လည်း အားပြတ်ခွေလဲမသွားအောင် စိတ်ကို အတော်တင်းရတဲ့အခြေအနေ။ လူချင်းကွဲသွားတာကို အခွင့်ကောင်းယူပြီး အမောဖြေနေရတယ်။

ဒီအချိန်ကျွန်တော့်ခေါင်းထဲမှာ အကြံတစ်ခုပေါ်လာတယ်။ နှစ်ဦးနှစ်ဖက်ညှိနှိုင်းပြီး သရေပွဲ လုပ်လိုက်ကြဖို့...။ အဲဒီအကြောင်း ကိုသူ့ကိုပြောဖို့လှမ်းကြည့်လိုက်တော့ ကျွန်တော့်အတွက် နောက်ကျသွားပြီဆိုတာ သိလိုက်ရတယ်။ ကိုသူဟာ နောက်ဆုံးလက်ကျန် ခွန်အားတွေကိုအကုန်စုပြီး ပွဲသိမ်းပစ်တော့မယ့်ဒီဇိုင်းနဲ့ ကျွန်တော့်ရှေ့တည့်တည့်ကို တစ်ရှိန်ထိုးပြေးဝင်လာတယ်။ ပြီးတော့ အနားရောက်တာနဲ့ အားကုန်သုံးပြီး ကျွန်တော့်မျက်နှာဆီကို ဝိုက်လက်သီးတစ်လုံး ပစ်သွင်းလိုက်တယ်။

ကျွန်တော်လည်း ဘာမှစဉ်းစားချိန်၊ တားဆီးချိန် မရတော့ဘူး။ အလျင်အမြန်ပဲ ကိုယ်ကိုယ်လို့၊ ခေါင်းကိုလက်သီးချက်နဲ့ လွတ်တယ်ဆိုရုံငုံ့ရှောင်ပြီး သူ့ရဲ့ဘယ်ဘက်ရင်အုံတည့်တည့်ဆီကို ထောက်လက်သီးတစ်လုံး ပစ်သွင်းလိုက်ရပါရော။ ဒီလက်သီးချက်က သူ့အတွက်ပွဲသိမ်းပေးလိုက်သလိုပါပဲ။ တကယ်တော့ ဒါဟာ ကိုသူ့အတွက် သူ့အရှိန်နဲ့သူနောက်ကောက်ကျသွားရတာပါ။ ကိုသူ့ရဲ့ ခန္ဓာကိုယ်ဟာ ရှေ့ကို

လေးကိုင်းသဏ္ဍာန် အနည်းငယ်ကွေးညွတ်သွားပြီး၊ ကြမ်းပြင်ပေါ် 'ဘိုင်း'ကနည်း မှောက်ကျသွားရှာတယ်။ သူ လုံးဝ မလှုပ်နိုင်တော့ပါဘူး။

ကျွန်တော်ဟာ နဖူးပေါ်က စီးကျလာတဲ့ ချွေးစက်တွေကို ညာဘက်လက်ခုံနဲ့ အသာသုပ် ပြီး အသက်ကို ပြင်းပြင်းရှူနေရတယ်။ ပြီးတော့မှ လဲကျနေတဲ့ ကိုသူ့ရဲ့ခန္ဓာကိုယ်ကိုကြည့်ပြီး မောဟိုက်ပင်ပန်းစွာ တစ်လုံးချင်းပြောချလိုက်တယ်။

''ဘဝဆိုတာ ထိအောင်ထိုးနိုင်မှ နိုင်တာမဟုတ်ပါဘူး။ မထိအောင် ရှောင်နိုင်ရင်လည်း အချိန်တန်တော့ နိုင်တာပါပဲ သူငယ်ချင်းရာ... ''

*

## အိပ်မက် အခန်း (၆)

နောက်တစ်ခန်းမှာ... ကျွန်တော့်အိပ်မက်ဟာ... ကုန်ကျစရိတ် နည်းနိုင်သမျှနည်းအောင်ချုံ့ထားတဲ့ ခပ်ညံ့ညံ့ဗွီဒီယိုဇာတ်ကားတစ်ကားရဲ့ ဇာတ်ဝင်ခန်းလိုပါပဲ။ ဆေးအဖြူသုတ်ထားတဲ့ နံရံရယ်။ အမိုးမှာလည်နေတဲ့ ပန်ကာရယ်...။ တိုင်တစ်ချောင်းနဲ့ ထောင်ထားတဲ့ သွေးပုလင်းတစ်လုံးရယ်...။ ဆေးရုံခုတင်ရယ်ပါ။ ဒါပဲပါပါတယ်။ (အိပ်မက်ထဲက ကောင်မလေး ကိုတော့ အိပ်မက်ထဲမှာ နောက်ထပ် မတွေ့ရတော့ပါဘူး။) ကိုသူဟာ သူ့ရဲ့မျက်လုံးတွေကို တင်းတင်းမှိတ်လို့ တစ်လုံးတည်းသော ဆေးရုံခုတင်ပေါ်မှာ လှဲနေရှာတယ်။ ကျွန်တော်ဟာ သူ့အနားကို ကပ်သွားပြီး တိုးတိုးလေးမေးလိုက်တယ်။

''ဘယ်လိုဖြစ်ရတာလဲ... သူငယ်ချင်းရာ''

"မင်းရဲ့ လက်သီးချက်ကြောင့်၊ ငါ့နှလုံးသားတစ်ခုလုံး ပျက်စီးသွားတာလေ"

"......"

"ငါ့အတွက် အစားထိုးဖို့ နှလုံးသားတစ်ခုမှ အချိန်မီမရရင် ငါသေရတော့မယ်သူငယ်ချင်း.."

"ဒါ...ဒါ... ငါ့အပြစ်တွေပါကွာ။"

"မဟုတ်ပါဘူးကွာ။ ငါ့အရှိန်နဲ့ငါ၊ ငါဇောနဲ့ငါဖြစ်ရတာပါ။ မင်းကိုယ့်ကိုယ်ကိုယ် အပြစ်မ တင်မနေပါနဲ့"

"ဘယ်ဟုတ်မလဲ။ ဒီအိပ်မက်ကို မက်နေတာက ငါလေ။ မင်းမှမဟုတ်တာ"

"........"

"ဘာမှမပူနဲ့ သူငယ်ချင်း၊ မင်းမသေရဘူး။ မင်းအတွက် အသည်းနှလုံးကို ငါကိုယ်တိုင် လှူမယ်..."

"ဟား ဟားဟား ငါ့ကို မင်းအသည်းနှလုံး ပေးလိုက်တော့၊ မင်းက ဘာနဲ့အသက်ဆက်ရှင် မှာလဲ"

"လောကမှာ တစ်ခါသုံးပြီး နောက်တစ်ကြိမ်ပြန်သုံးဖို့မလိုတဲ့ တစ်ခါသုံးအသည်းနှလုံးတွေ အများကြီးပါကွာ"

"မရူးစမ်းပါနဲ့ သူငယ်ချင်းရာ အဲဒီ အသဲနှလုံးအတုတွေက ရေရှည်အသုံးမခံပါဘူး"

"တစ်ခုဟောင်းသွားရင် နောက်တစ်ခု အသစ်ရှာမှာပေါ့ကွ။ ဘာခက်တာမို့လို့။ လောကမှာ အပေါဆုံးက အသည်းနှလုံး အတုတွေပဲ..."

*

## အိပ်မက် အခန်း (၇)

ဒီနောက်တော့…

ထူထူပိန်းပိန်း အနက်ရောင်ထုကြီးထဲမှာ ကိုသူနဲ့ကျွန်တော် လမ်းဆက်လျှောက်နေကြပြန် တယ်။ ကိုသူကတော့ ကျွန်တော်ပေးထားတဲ့ နှလုံးအသစ်နဲ့ ဝမ်းမြောက်ရွှင်းမြူးလို့။ စကားတွေကိုလည်း မရပ်မနား တတွတ်တွတ်ပြောနေတယ်။ ပြောနေတယ်လို့ ထင်ရတယ်။

သူပြောနေတဲ့ စကားတွေကို ကျွန်တော်ကတော့ ကြားသလို၊ မကြားသလိုနဲ့…။ စိတ်ခန္ဓာတစ်ခုလုံး အုံ့မှိုင်းလေးလံနေတယ်။ သူပျော်ရှာမှာပေါ့လေ။ ကျွန်တော်ပေးလိုက်တဲ့ အသည်းနှလုံးနဲ့သူ့ခမျာ အသက်ဆက်ရှင်ခွင့် ရသွားပြီး၊ ဒီအိပ်မက်ကို ဆက်မက်ခွင့်ရသွားပြီးကိုး…။ ကျွန်တော်ပေးလိုက်တဲ့ အသည်းနှလုံးကလည်း သူ့အတွက် တော်တော်အသုံးတည့်ပုံရပါတယ်။ သူရွတ်ပြတဲ့ ကဗျာတွေ၊ သူဖန်တီးလိုက်တဲ့ အနုပညာတွေဟာ (အိပ်မက်ထဲမှာတောင်မှ) အရင်ထက်ပိုပြီး သိမ်မွေ့လေးနက်လာတယ်။

ကျွန်တော့်မှာသာ….

ကျွန်တော့်မှာသာ…. နှမြောတသ ယူကျုံးမရစိတ်တွေနဲ့ နောင်တတရားတွေဟာ ခန္ဓာကိုယ်တစ်ခုလုံးအပေါ် ဝေ့ဝဲကျရောက်လို့ ထစ်ချုန်းအုံ့ပျနေတယ်။ ကျွန်တော်ရဲ့နှလုံးသားအစစ်ကို သူ့ကိုပေးလိုက်မိတာ မှားများသွားပြီလား…။ ကျွန်တော့်ရင်ဘတ်ထဲမှာ နှလုံးသားအတုကလည်း သက်တမ်းကုန်တော့မယ်။ ကျွန်တော့်အတွက် နောက်ထပ်

နှလုံးသားအတုတစ်စုံ အချိန်မှီရှာမရခဲ့ရင်…။ ကျွန်တော် သေရတော့မှာလား…။ ဒီအိပ်မက်ထဲနေအပြီးအပိုင် ထွက်သွားရတော့မှာလား…။ ကျွန်တော်မတွေးရဲဘူးဗျာ။ ဒီအိပ်မက်ကို ကျွန်တော် ဆက်မက်ချင်ပါသေးတယ်။

တကယ်တော့....

ကျွန်တော့်အတွက် နှလုံးသားအတုဟာ (အသက်ဆက်ရှင်သန်ရုံကလွဲပြီး) ဘာမှ သိပ်အသုံးမတည့်လှဘူး။ ကျွန်တော် မြတ်နိုးတဲ့ကဗျာ။ ကျွန်တော်တန်ဖိုးထားတဲ့အနုပညာ။ ဒါတွေကို ကျွန်တော် ဘယ်လိုမှ မဖန်တီးနိုင်တော့ဘူးလေ။ နှလုံးသားက အတုဆိုမှတော့ ခံစားချက်ဆိုတာကလည်း အစစ်မဖြစ်နိုင်တော့ဘူးပေ့ါ…။

စဉ်းစားရင်း… စဉ်းစားရင်းနဲ့ ကိုသူ့ကို ကျွန်တော်ကိုယ်တိုင်ပေးခဲ့တဲ့ ကျွန်တော်ရဲ့နှလုံးသားအစစ်ကို ကျွန်တော် ပြန်လိုချင်လာတယ်။ အဲဒီအရာကိုရဖို့ ကျွန်တော်ဘာကိုပဲ ပေးဆပ်ရ၊ ပေးဆပ်ရ ပေးဆပ်ဖို့အသင့်ပဲ။ ကျွန်တော့်နှလုံးသားကိုတော့ ကျွန်တော်ပြန်ရမှဖြစ်မယ်။

"ဟား ဟား ဟား ဟား"

တိတ်ဆိတ်ခြောက်ကပ်မှုနဲ့ ပိန်းပိတ်အောင်မှောင်နေတဲ့အိပ်မက်ထဲမှာ ကိုသူ့ရဲ့ရယ်သံကို ချောက်ချားဖွယ်ကြားလိုက်ရတယ်။ အလန့်တကြား ရုတ်တရက်ထရယ်လိုက်တဲ့ရယ်သံကြောင့် သူ့ကို ကျွန်တော်လှည့်ကြည့်လိုက်မိတယ်။ ကိုသူကတော့ ကျွန်တော့်အကြည့်ကို မသိကျိုးကျွံပြုပြီး ရယ်ရုံပဲရယ်နေတယ်။ အူလိုက်သည်းလိုက် အားရပါးရကို ရယ်နေတယ်။ သူ့ကိုကြည့်ရတာ ဘဝဆိုတာ ရယ်နေရင်အားလုံးပြည့်စုံနေသလို။ သူ့ကိုကြည့်ပြီး ကျွန်တော်ဟာကိုယ့်ကိုယ်ကိုယ် ကျုံ့ဝင်သေးငယ်လာသလို ခံစားရတယ်။ ထိတ်လန့်ကြောက်ရွံ့လာတယ်။

"ဟား ဟား ဟား ဟား ... ဟား ဟား ဟား ဟား "

ကိုသူဟာ ကျွန်တော့်ခန္ဓာကိုယ်ကို ဖောက်ထွက်သွားတော့မတတ် စိုက်ကြည့်ပြီး မရပ်မနား ဆက်ကာဆက်ကာ ရယ်နေတယ်။ သူရဲ့ မျက်လုံးတွေထဲမှာ အထင်သေးခြင်း၊ ရွတ်ချခြင်း၊ နာကျင် ကြေကွဲခြင်း ဆိုတဲ့အရိပ်တွေ ဒွေးရောယှက်တင်နေတယ်။ ဟားတိုက်ရယ်မောနေတဲ့ ကိုသူ့ရဲ့ မျက်ဝန်းတွေထဲမှာ ဝမ်းမြောက်ပျော်ရွှင်ခြင်းတွေ ဘာကြောင့် ပျောက်ဆုံးနေရတာလဲ။ကျွန်တော် မသိဘူး။

ကိုသူရဲ့ပုံစံဟာ ဆက်ကာဆက်ကာ ရယ်နေရင်းကနေ တဖြည်းဖြည်းပြောင်းလဲလာတယ်။ ထူထဲနက်မှောင်နေတဲ့အိပ်မက်ကြီး ထဲမှာ သူ့ခန္ဓာကိုယ်ဟာ ဖြူရော်ဖွေးဆွတ်လာတယ်။ သူ့ကိုကြည့်ရတာ အေးစက်တောင့်ခဲနေတဲ့ လူသေကောင်လိုပဲ။ တုန်လှုပ်ချောက်ချားမှု တွေနဲ့၊ သူ့ကိုကျွန်တော် စိုက်ကြည့်နေတုန်းမှာပဲ ကိုသူဟာအိပ်မက်ထဲ ကနေ မှုန်ဝါးပါးလှပ်ပြီး ပျောက်ကွယ်သွားပါတော့တယ်။

တိတ်ဆိတ်မှောင်မဲနေတဲ့ အိပ်မက်ထဲမှာတော့ စိုးရွံ့ထိတ်လန့်မှုတွေ နဲ့ ကျွန်တော်တစ်ယောက်တည်း...။ လက်ထဲမှာလည်း ကျွန်တော်ရဲ့ နှလုံးသားအစစ်ကို ကိုင်လို့...။ ကိုသူရဲ့ ချောက်ချားဖွယ်ရယ်သံကြီးကို အစဉ်ကြားယောင်နေရင်းပေ့ါ...။

*

## အိပ်မက် အခန်း (၈)

ကျောချမ်းဖွယ်အမှောင်ထုနဲ့အတူ အိပ်မက်ထဲမှာ တစ်ယောက်တည်း...။ ကျွန်တော် လမ်းဆက်လျှောက်နေတယ်...။

အထီးကျန်စွာ…။ အဖော်မယ့်စွာ….။ အေးစက်မာကျောလှတဲ့ အမှောင်ထဲမှာပေါ့…။

ကျွန်တော် အရူးအမူးလိုချင်တပ်မက်ခဲ့တဲ့ ကျွန်တော့်နှလုံးသား အစစ်ကတော့ ကျွန်တော့်ရဲ့ ဝဲဘက်ရင်အုံအောက်ကို ပြန်ရောက်နေပါပြီ။ နောက်ထပ် တစ်ခါသုံးနှလုံးသားအတုတွေလည်း ကျွန်တော့်အတွက် မလိုအပ်တော့ပါဘူး။ အသက်ဆက်ရှင်သန်ခွင့်ရပြီ။ ဒီအိပ်မက်ကို ကျွန်တော် ဆက်မက်ခွင့်ရပြီပေါ့…။ ကျွန်တော် ရူးသွပ်စွဲလမ်းတဲ့ အနုပညာကို အရင်လိုဆက်ပြီး ဖန်တီးလို့ရပြီ ဆိုပါတော့….။

ဒါပေမယ့် ခက်တာက ကျွန်တော်လိုချင်တဲ့နှလုံးသားအစစ်ကို ရပြီးတာတောင်မှ၊ အသက်ဆက်ရှင်သန်မယ်ဆိုတဲ့ ကျွန်တော်ရဲ့ယုံကြည်ချက်ဟာ ထူးဆန်းစွာ ပျောက်ဆုံးနေတာပဲ။ အရင်ကဆို ကဗျာရေးမယ်လို့ တွေးလိုက်ရုံနဲ့ စကားလုံးတွေဟာ သူ့အလိုလို ခုန်ထွက်ပေါက်ကျလာတတ်တယ်။ အခုတော့ ကဗျာရေးဖို့ မတွေးဖြစ်သလို၊ ရေးချင်စိတ်လည်း မရှိဘူး။ နှလုံးသားအစစ်ကို ရပြီးတာတောင်မှ ဘာခံစားချက်မှ ပေါ်မလာတာ အံ့သြစရာပဲ။ ကိုသူဟာ နှလုံးသားအစစ်ကို ကျွန်တော့်ကိုပေးပြီး၊ ခံစားချက်တွေ၊ စိတ်အတွေးတွေကို သူနဲ့ တစ်ပါးတည်း ယူဆောင်သွားခဲ့သလား။ ကျွန်တော်မသိတော့ဘူး။

ကျွန်တော့်အတွေး မဆုံးခင်မှာပဲ ကျွန်တော့်ရဲ့ဝဲဘက်ရင်အုံအောက်က စူးခနည်းနာကျင်မှုနဲ့အတူ၊ ကျွန်တော့်ဦးခေါင်းတစ်ခုလုံး ပြာဝေမူးမိုက်သွားတယ်။ ခန္ဓာကိုယ်တစ်ခုလုံးဟာလည်း လျှပ်စစ်နဲ့အတို့ခံထားရတဲ့ လူလို မခံမရပ်နိုင်အောင် ထုံကျင်ကိုက်ခဲလို့။ အိပ်မက်ထဲက သွားလက်စ ခရီးကိုပါရပ်တန့်ပစ်လိုက်ရတယ်။ မတ်တတ်ကနေ လဲကျမသွားဖို့ ကိုယ်ကိုယ်ကို မနည်းကြိုးစား ပြီး ထိန်းမတ်နေရတယ်။

ကျွန်တော် သိလိုက်ပြီ။ တစ်ခါသုံး အသည်းနှလုံးအတုနဲ့ ကာလကြာရှည် ချိတ်ဆက်ရှင်သန်ခဲ့ရတဲ့ ကျွန်တော့် ခန္ဓာကိုယ်ဟာ အသည်းနှလုံးအစစ်ကို လက်မခံတော့ဘူးဆိုတော့။ ကျွန်တော်ဘာလုပ်ရမလဲ။ ကျွန်တော်မျှော်လင့်ခဲ့သလို လင်းလက်တောက်ပတဲ့အနုပညာတွေကို မဖန်တီးနိုင်တော့ဘူး။ ကျွန်တော့်ခန္ဓာကိုယ်ကလည်း နှလုံးသားအစစ်ကို လက်မခံတော့ဘူး။ ကျွန်တော် ဘာလုပ်ရမလဲ။

ဒီအချိန်မှာ ကျွန်တော့်ရဲ့ဝဲဘက်ရင်အုံအောက်မှာရှိတဲ့ နှလုံးသားအစစ်ကပြောလိုက်တဲ့ စကားသံတွေကို စိတ်နားနဲ့ ပီပီသသ ကြားလိုက်ရတယ်။

''တကယ်တော့ ... ရှင်ဟာ ... ကျွန်မနဲ့မထိုက်တန်ဘူး။ ရှင့်အတွက် အကောင်းဆုံးအရာကိုပဲ ကျွန်မအမြဲဖန်ဆင်ပေးခဲ့တယ်။ ရှင့်အတွက် အသက်ဆက်ရှင်သန်ခွင့်ကိုလည်း ကျွန်မပေးတယ်။ ရှင်ကတော့ သူတော်ကောင်းကြီး တစ်ယောက်လို၊ ကျွန်မကို တစ်ခြားသူရဲ့ရင်ခွင်ထဲ ဇွတ်ဝင်ခိုင်းခဲ့တယ်။ ဒါလည်း ကျွန်မ မငြင်းဆန်ခဲ့ပါဘူး။ ဒါပေမယ့် သူစိမ်းတစ်ယောက်ရဲ့ရင်ခွင်ထဲမှာ ကျွန်မကိုယ်တိုင် အနယ်ကျ ပျော်ဝင်နေပြီဆိုကာမှ ရှင်က ကျွန်မကို ပြန်လိုချင်လာတယ်။ ရှင် မလွန်လွန်းဘူးလား။ ကျွန်မဟာ ရှင့်ရဲ့ နှလုံးသားလား။ ဒါမှမဟုတ် ရှင့်စိတ်စေရာကို သွားရမယ့် သံပတ်ရုပ်လားဆိုတာကို ကျွန်မကိုယ်တိုင် မဝေခွဲနိုင်တော့ဘူး၊ ရှင်မို့ လုပ်ရက်တယ်ရှင်...။ ဒီမှာ ရှင်မသိရင် သိအောင်ပြောပြမယ်။ ဒီအိပ်မက်ဟာ ရှင်မက်နေတာမဟုတ်ဘူး။ ကျွန်မဖန်ဆင်းထားတာ။ ရှင့်ကို အသည်းနင့်အောင်ချစ်လွန်းလို့ ရှင်ဖြစ်ချင် တာတွေ ဖြစ်ခွင့်ရအောင် ကျွန်မဖန်ဆင်းပေးထားတဲ့အိပ်မက်ရှင့်...။ ရှင်သိရဲ့လား...။ အခုတော့ ရှင်ဟာ ဒီအိပ်မက်နဲ့ လုံးဝမထိုက်တန်တော့ဘူး၊ ရှင်ဒီအိပ်မက်ကို ဆက်မက်ခွင့်မရှိတော့ဘူး...။ ရှင်သေရမယ်....''

သူမဟာ နောက်ဆုံးစကားလုံးတွေကိုသံရှည်ဆွဲပြီး အော်ဟစ်ကြုံးဝါးလိုက်တဲ့အခါမှာတော့ ကျွန်တော့်ရဲ့ ရင်ခွင်တစ်လုံးဟာ ''ဝုန်း''ကနည်း ပွင့်ထွက်ပေါက်ကွဲပြီး အိပ်မက်က လန့်နိုးလာခဲ့ရပါတယ်။

*

## အိပ်မက်နိဂုံး

တကယ်တော့ ဒါဟာ အိပ်မက်တစ်ခုထက် ဘာမှမပိုခဲ့ပါဘူး။ အခုချိန်မှာ ... ကျွန်တော် တွေးနေတာက... ကျွန်တော် နောက်ထပ် ဘယ်လောက်ကြာကြာ အသက်ဆက်ရှင်သန်ခွင့် ရဦးမလဲ။ ရှင်သန်ခွင့်ရတဲ့ အချိန်လေးအတွင်းမှာ ကျွန်တော့်ကြောင့် နောက်ထပ်ဘယ်သူတွေ ထိခိုက်နစ်နာနိုင်ဦးမလဲ။ ကျွန်တော် ရူးသွပ်စွဲလန်းခဲ့ရတဲ့ကဗျာတွေကိုရော ဒီနှလုံးသားနဲ့ဆက်ပြီး ဖန်တီးနိုင်ပါ့ဦးမလား။ ကျွန်တော်အခု ပိုင်ဆိုင်နေရတဲ့နှလုံးသားကရော အစစ်လား...။ အတုလား...။ မေးခွန်းတွေကတော့ အများကြီးပေါ့ဗျာ...။

သေချာတာကတော့...

''ဘဝဆိုတာ တစ်ခါသုံးပြီးရင် နောက်တစ်ကြိမ် ပြန်သုံးလို့မရနိုင်တော့တဲ့ အိပ်မက်ရှည်ကြီးတစ်ခု ဆိုတာပါပဲ ...။”

**ဇော်သစ်**

*

## နှင်းလျှောက်တဲ့လမ်း

လောကတစ်ခုလုံး နှင်းတို့ဖြင့်သာ တည်ဆောက်ထားသည်ဟု ထင်ချင်စရာ ကြည့်လေရာ ညို့မှောင်ပြာလဲ့နေသည်။ ဖြူလွအေးမြသော ပန်းပွင့်ဝတ်ဆံတို့ကို မိုးမြင့်ဝေယံဆီမှ အဆက်မပြတ် ကြဲချပေးနေသလိုလည်း ထင်မှတ်ရတော့သည်။

ပတ်ပတ်လည်တွင် တောင်စဉ်တောင်တန်းများက အနားသတ်ကာရံပေးထားသော မြို့ကလေး ...

သူကိုယ်တိုင် တောင်တန်းလွင်ပြင်တစ်ခု၏ ထိပ်ပေါ်ရောက်ရှိနေရသည့် အဖြစ်ကို မေ့လျော့သွားအောင် ဖမ်းစားနိုင်လွန်းပါဘိ။ ဝန်းရံစောင့်ကြပ်လျက်ရှိသော တောင်တန်းများ မြင့်မားမတ်စောက်နိုင်လွန်းပါဘိ။ ပွင့်သောပန်းတိုင်းကို နှင်းတစိုစိုဖြင့် အေးမြလှပခွင့်ပေးသောမြို့ကလေး ...။

မည်သူမဆို ဤမြို့ကလေးသို့ရောက်ရှိလာပါက ဗဟိဒ္ဓအပူကတော့ အမှန်ပင် လွင့်စင်ကွယ်ပျောက်သွားပေလိမ့်မည်။ သူ့လို အဇ္ဈတ္တတို့ တဆစ်ဆစ်ပူလောင်ကျွမ်းမြိုက်ခံနေရသူမျိုးဆိုလျှင်ကော ...

အင်း ... ဒါကတော့ ...

တစ်ခါတစ်ရံတော့လည်း ခပ်သောသောကလေး စဉ်းစားကြည့်မိသည်။ ဤမြို့ကလေးကို မေတ္တာတရားကြီးမားသော နဂါးခံတွင်းထဲ၌ တည်ထားလေသလော...။

*

ဘာလိုလိုနှင့် ဒီမြို့သို့ ကျော်ကျော်ရောက်ရှိနေသည်မှာ တစ်လပင် ကျော်သွားခဲ့ပြီကော။ အကြောင်းမယ့် ရောက်လာသော ဧည့်သည်တစ် ယောက်အတွက် တစ်လဆိုသောအချိန်က အားနာတတ်လျှင် ပြန်ဖို့ ကောင်းပြီ။ သို့သော် ကျော်ကျော်ကမူ မပြန်နိုင်သေး။ စထွက်လာ ကတည်းက နေရာဟောင်းသို့ ပြန်သွားရန်စိတ်ကူးမျိုး သူ့တွင် လုံးဝမရှိ ပါ။ ဒါဆို ဘယ်ကိုသွားမည်နည်း။ ဒါကိုလည်းသူမသိ။ သူသိတာတစ်ခုပဲ ရှိသည်။

သူသည် စမှတ်သာရှိပြီး ဆုံးမှတ်မရှိသောခရီးသည်...။ တာထွက် သာရှိပြီး ပန်းတိုင်မရှိသော အပြေးသမား...။ နွမ်းလျ ဆင်းရဲခြင်းသာရှိ ပြီး ခိုလှုံရာရင်ခွင်မယ့်သော ပြိတ္တာတစ်ကောင်သာဖြစ်သည်။

အိမ်ရှင်ဖြစ်သော ရဲနိုင်နှင့်သူက တက္ကသိုလ်မှာ မေဂျာအတူတက်ခဲ့ ကြသော အရင်းနှီးဆုံးသူငယ်ချင်းများ။ ရဲနိုင်တွင် မိဘများမရှိကြတော့။ တက္ကသိုလ်ကျောင်းသူ ညီမတစ်ယောက်သာရှိသည်။ သူမနာမည်က မိုး ပွင့်ဖြူ...။ ရဲနိုင်ဘွဲ့ရပြီးကတည်းက မိုးပွင့်ဖြူကိုငဲ့ပြီး အိမ်ထောင်မပြုခဲ့။ စီးပွားရေးကိုသာ ကြိုးစားခဲ့သည်။ ထို့ကြောင့် ရဲနိုင်တို့ မောင်နှမမှာ မိဘမယ့်သော်လည်း အခြေအနေမမယ့်ခဲ့။ ကျော့်ကျော့်လို ဧည့်သည် တစ်ယောက်ကို တစ်လကိုးသီတင်း တင်ကျွေး ထားရလို့လည်း သူတို့မှာ ဘာမှတာဝန်မကြီး။ အရင်ကတည်းက သူတို့မြို့လေးသို့ လာလည်ရန် ရဲ နိုင်က ကျော်ကျော့်ကို ဖိတ်ခေါ်ထားခဲ့သည်။ သို့သော် ကျော်ကျော်က ရဲ နိုင်ဆီမရောက်ဖြစ်ခဲ့။ ပတ်ဝန်းကျင်ဟောင်းအား ခဏတာခွဲခွာထားရစ် ခဲ့ရန်ကိုပင် ကျော်ကျော့်တွင် သတ္တိမရှိ။ ဒါကလည်း နွယ့်ကြောင့်ပင် ဖြစ်

ပါသည်။ နွယ်ဆိုသည်က ကျော်ကျော့်၏နှလုံးသားကို မူးယစ်ပြာဝေစေသော အလင်းရှင်။ တိမ်းညွတ်မိန်းမောစေသော သခင်မ။ အမှန်တော့ ကျော်ကျော်ဆိုသည်မှာ အမည်သာဖြစ်၍ တစ်စိတ်တစ်ပိုင်းမှာ နွယ်သာဖြစ်ခဲ့ဘူးသည်။

အခုတော့ ကျော်ကျော်တစ်ယောက် လှုပ်ခတ်ယိုင်နွဲ့ခဲ့ဘူးသော နွယ့်ကို ထားခဲ့ရပါပြီ။ ခင်တွယ်စွဲလမ်းခဲ့သော ပတ်ဝန်းကျင်ကို စွန့်ခဲ့ရပြီ။ ဒါကလည်း ဆန်းတော့မဆန်း၊ တနေ့နေ့ တစ်ချိန်ချိန်တွင် အားလုံးသော အရာများကို အားလုံးသောသူတို့က တစ်နည်းနည်းဖြင့် ထားခဲ့ထွက်ခွာရမည်ကို လူတိုင်းသိကြပြီးသား ...။

*

ယခုကျော်ကျော်ရောက်ရှိလာခဲ့ပြီ။ မချိန်းပဲရွာသောမိုးကဲ့သို့ ကျော်ကျော်ရောက်ရှိလာခဲ့ပြီ။

ရဲနိုင်ကလည်း လိုလိုလားလားပင် ဆီးကြိုညွှေ့ခံခဲ့ပါသည်။ သို့ပေမယ့် သူဘာကြောင့် ဝန်းကျင်ဟောင်းကို စွန့်ပစ်ထွက်ခွာလာခဲ့မှန်း ရဲနိုင်မသိ။ သိများသိလျှင် သူ့အပေါ် ယခုလို ကြည်သာရွှင်ပျနိုင်ပါ့ဦးမလား။ အမှန်တော့ သူသည် စထွက်လာကတည်းက ဆိုက်ရောက်ရာဘူတာမယ့်သော ရထားတစ်စင်းမှန်း ရဲနိုင်တို့မောင်နှမနှစ်ယောက် လုံးဝမသိကြ။ စုံစမ်း မေးမြန်းခြင်းလည်းမရှိ။ ကျော်ကျော်ကိုယ်တိုင်ကလည်း ဖွင့်ဟပြောပြဖို့မဝံ့ရဲပါပေ...။ တကယ်တော့လည်း ကျော်ကျော့်အနေအထားက ရင်ဖွင့်ပြောပြလို့ရသည့် အခြေအနေမျိုးမှမဟုတ်ပဲလေ။

သည်လိုအကျပ်အတည်းကြားမှာပဲ ကျော်ကျော့်ဘဝထဲသို့

ရှုးရှုးမိုက်မိုက် ဇွတ်တိုးဝင်လာခဲ့သူက မိုးပွင့်ဖြူဆိုသောသူမ...။ သူ့ကို တွယ်တာကိုးစားနေသောသူမ...။ သူသွားလေရာ စုဖြာအရိပ်ကလေး တစ်ခုပမာ မြောပါကပ်ငြိနေသော မိုးပွင့်ဖြူဆိုသည့် သူမပင်ဖြစ် ပါသည်။

*

ကျော်ကျော်စတင်ရောက်ရှိလာသည့်နေ့ ရဲနိုင်က ညီမဖြစ်သူ မိုးပွင့် ဖြူနှင့် စတင် မိတ်ဆက်ပေးကတည်းက သူမ၏မျက်ဝန်းအရိပ်တို့ကို ကျော်ကျော်နားလည်နိုင်ခဲ့သည်။

"ဒါ ... ကိုကိုရဲ့ အချစ်ဆုံးသူငယ်ချင်းကျော်ကျော်တဲ့...။ မှတ်ထား နော် ညီမလေး"

ရဲနိုင်ရဲ့စကားအဆုံးမှာ မော့ကြည့်လာသော မိုးပွင့်ဖြူ၏မျက်ဝန်း များကား ပြာညက်မှုန်ဝေနေကြသည်။ ကျော်ကျော့်ရင်ထဲ ယခုထိမေ့မရ သေးသော မျက်ဝန်းအကြည့်များလည်းဖြစ်ပါသည်။ ထိုမျက်ဝန်းမျိုးကို နွယ်အပါအဝင် မိန်းကလေးတော်တော်များများထံမှ မြင်ခဲ့ဘူးသဖြင့် လည်း ကျော်ကျော့်အတွက် အဓိပ္ပာယ်ဖော်ရန်မခက်ခဲပါ။

"ကိုကို့ရဲ့အချစ်ဆုံးသူငယ်ချင်းဆိုတော့ မိုးအတွက်လည်း အစ်ကို တစ်ယောက် ထပ်ရသလိုပါပဲ။ ဒါ့ကြောင့် ကိုကို့ကို ခေါ်သလို ကိုကိုလို့ပဲ ခေါ်မယ်နော်"

အဲသည်အချိန်ကစ၍ မိုးပွင့်ဖြူ၏နှုတ်ခမ်းခမ်းပင်လုံးကျွတ်မှ "ကိုကို"ဆိုသောနာမ်စားသစ်သီးများ လွဲဖြာ ဝင်းမှည့်ခဲ့ရပါတော့သည်။ ရဲနိုင်အတွက် သုံးသော"ကိုကို"ထက် ကျော်ကျော်အတွက်သုံး

သော"ကိုကို"က ပို၍ချိုမြနေသည်မှာလည်း သူမစိတ်၏ အမှတ်တမယ့် လင်းလက်မှုတစ်မျိုးပင် ဖြစ်ပါလိမ့်မည်။

"ငါကတော့ ငါ့အလုပ်နဲ့ငါကို လုံးချာလည်နေလို့ အိမ်ကပ်ရတယ်ကို မရှိဘူးဟေ့။ ညဘက်မှချည်းပြန်ရောက်တာပဲ။ မင်းသွားချင်တဲ့နေရာရှိ ရင် ညီမလေးကိုသာ လိုက်ပို့ခိုင်း"

အစ်ကိုဖြစ်သူရဲနိုင်၏စကားကို ညီမဖြစ်သူမိုးပွင့်ဖြူက တသွေမ တိမ်းလိုက်နာပါသည်။ မနက်မိုးသောက်သည်နှင့် ကျော်ကျော်သွား ချင်ချင်၊ မသွားချင်ချင် မိုးပွင့်ဖြူတွင်တော့ ခရီးစဉ်တစ်ခုကအဆင်သင့်ရှိ နေမြဲ...။ နေ့တိုင်း တစ်နေရာမဟုတ် တစ်နေရာလိုက်ပို့မြဲ...။ ကြာတော့ ကျော်ကျော့်ကိုလိုက်ပို့သည်နှင့် မတူဘဲ သူမသွားလေရာကိုကျော်ကျော် က အဖော်လိုက်ပေးနေရသလို ဖြစ်လာသည်။ ဤသည်ကပင် ကျော် ကျော့်အတွက် ရုန်းထွက်ရန်မလွယ်သော အခက်အခဲတစ်မျိုး ဖြစ်နေ ပြန်၏။

*

ယနေ့လယ်း မိုးပွင့်ဖြူ၏ သပ်သပ်ရပ်ရပ်ဆွဲထားသောအစီအစဉ်ဖြင့် ပင် ဤပန်းခြံကလေးအတွင်းသို့ ရောက်နေခဲ့ရပြီး၊ ဤခုံတန်းကလေး တွင် ထိုင်နေခဲ့ရပါပြီကော။

အတူသွားအတူလာရက်တွေကြာလာတော့ မိုးပွင့်ဖြူ၏ နှလုံးသား အတိမ်အနက်ကို သူပို၍ နားလည်လာခဲ့သည်။ ဒီကောင်မလေးသူ့အပေါ် လှုပ်ခတ်တွယ်ငင်နေပြီကော။ သူမ၏အသိအမှတ်မယ့်အပြုအမူ များသည် ရင့်မှည့်လေးလံလာသော သံယောဇဉ်ကို ဝှက်ကွယ်ထိန်ချုန်မ ထားနိုင်သည့် တခြားမိန်းကလေးများနှင့် ဘာမှမထူး။

ကျော်ကျော်ကရော ဘာမို့လို့နည်း။ ဆန့်ကျင်ဘက်အထိတွေ့များနှင့် မိုးပွင့်ဖြူ၏လွန်ကဲသော သဒ္ဓါတရားများကြားတွင် သူ့နှလုံးသားက ပြို ကျတိမ်းညွတ်ရန် တာဆူနေလေပြီ။ သဘာဝကျကျ ရူးသွပ်တတ်သူတစ် ယောက် ဆိုလျှင်တော့ ကျော်ကျော်သည် မိုးပွင့်ဖြူ၏အလိုကို လိုက်လျောလိုက်မည်သာ။ သို့သော် မဖြစ်နိုင်ပါ။ နှလုံးသားစေရာလိုက် ဖို့ ကျော်ကျော့်အတွက်တော့ လုံးဝမဖြစ်နိုင်ပါ။ အဘယ့်ကြောင့်ဆိုသော် ကျော်ကျော်သည် အချိန်ကာလမယ့်သောလူတစ်ယောက် ဖြစ်သည်။ ဆိုးရွားသောအနာဂတ်တစ်ခုစီ ဦးတည်နေသူ…။ ထို့ထက်ပို၍ပြောရ လျှင် ကျော်ကျော်သည် လူသားဆန်သော အသက်ရှင်နေထိုင်ခွင့်များ ရုပ်သိမ်းခြင်းခံထားရသူသာဖြစ်သည်။

မှန်တာပြောရလျှင် မိုးပွင့်ဖြူကိုတော့ သူ ချစ်သည်။ သို့သော် မနှစ် ရက်…။ သူတို့နှစ်ယောက်၏ဘဝနှစ်ခုကို အပေါင်းလက္ခဏာတစ် ခု၏ဘေးတစ်ဖက်တွင် ထားကြည့်၍မရ။ ညီမျှခြင်းသည် ကြေကွဲ ဝမ်းနည်းမှုများသာဖြစ်နေပေလိမ့်မည်။ ထိုအဖြေ၏ အဓိကတရားခံမှာ လည်း သူကိုယ်တိုင်သာဖြစ်ပါသည်။

တကယ်တော့ ကျော်ကျော်သည် အတိတ်၏ခါးသီးသော မှားယွင်းမှု များအတွက် တစ်ကိုယ်တည်းပေးဆပ်ရန် အပြစ်ဒဏ်ချမှတ်ခံထားရ သော ကံကြမ္မာအကျဉ်းသားတစ်ယောက်သာ ဖြစ်ပါသည်။ ရက်စက်စွာ စိမ်းလန်းနေသော သူ၏ ဘဝနေဝင်ချိန်များထဲသို့ မိုးပွင့်ဖြူအား ဆွဲခေါ် မသွားရက်ပါ။ သူမသဘောနှင့်သူမ ဇွတ်တိုးဝင်လာမည်ဆိုပါကလည်း ကန့်ကွက်တားဆီးရပေလိမ့်မည်။ ဤသည်ကား လူသားတစ်ယောက်၏ လူ့အသိုင်းအဝိုင်းအပေါ်ထားရှိအပ်သော သစ္စာတရားပင် ဖြစ်ပေလိမ့် မည်။

*

"ညီမလေး"

တိုးသဲ့ညင်သာသော သူ့ခေါ်သံအဆုံးတွင် မိုးပွင့်ဖြူ၏မျက်ဝန်းအကြည့်များ သူ့ထံဆိုက်ရောက်လာကြသည်။ ဖြူစင်စိမ်းညက်သော မျက်နှာကလေး...။ ဆူးပြွန်းအတွေးတွေကြားက တစ်ခုတ်တရဖူးပွင့်လာသော ပန်းကလေးနှယ် ...။

"ဘာလဲကိုကို"

"ညီမလေးကိုကို့ကို ဘယ်လိုမြင်လဲ"

"ဘာကိုမေးတာလဲ ကိုကို"

ပြန်မေးပြီ။ အဲဒါမှအခက် သူ့မေးခွန်းကိုသူကိုယ်တိုင်ပင် ဘာမှန်းမသိ။ သူသိသည်က မိုးပွင့်ဖြူသူ့ကို လုံးဝ သံယောဇဉ်ငြိတွယ်၍ မဖြစ်။ သူ့အပေါ်ဖြန့်ဝေကျရောက်လာသော သူမ၏လှုပ်ရှားယိမ်းနွဲ့မှုကို အပြီးတိုင်ဖြိုချဖျက်ဆီးပစ်ရမည်။ ထိုရည်ရွယ်ချက်ဖြင့်ပင် စကားလမ်းကြောင်းတစ်ခု ဖြစ်ပေါ်လာစေရန် အစတစ်စ ဆွဲထုတ်ကြည့်မိခြင်းသာဖြစ်သည်။ ယခု မိုးပွင့်ဖြူက သူ့ကို ပြန်မေးနေသည်။ သူဘာကို ဖြေရမှန်းမသိ။

"ဒီလိုလေ... ဆိုလိုတာက.... ကိုကို့အတိတ်နဲ့ပတ်သက်ပြီး ညီမလေးဘာသိလဲ..."

မိုးပွင့်ဖြူကပြုံးသည်။ အမှန်တော့ ဝါးလုံးကွဲရယ်ချလိုက်ဖို့သာကောင်းသည်။ သူ့အဖြေက စတည်လာသော မေးခွန်းနှင့် ဘာမှမဆိုင်။

"ဘာသိစရာလိုလဲ။ ကိုကိုဟာ ကိုကိုရဲ့အချစ်ဆုံးသူငယ်ချင်းတစ်ယောက်ပဲဟာ။ ဒီထက်ပိုပြီး ဘာမှမသိချင်ဘူး"

"အဲလိုလည်း မဟုတ်သေးဘူးလေ ညီမလေးရဲ့။ ညီမလေးကိုကို့ကို သံယောဇဉ်တွယ်နေတာကို ကိုကိုသိတယ်။ ကိုကိုဟာ ညီမလေးတို့ဆီကို မဖိတ်ခေါ်ဘဲရောက်လာတဲ့ ဧည့်သည်တစ်ယောက်။ ဘယ်လိုပုံစံဘယ်လိုအကြောင်းနဲ့ ဘာဖြစ်လို့ရောက်လာတယ်ဆိုတာ ဘယ်သူမှမသိဘူး။ ပြန်ချိန်တန်ရက်နဲ့လည်း မပြန်နိုင်ဘူး။ ကိုကို့ပုံစံက ပဟေဠိဆန်မနေဘူးလား။ ဒီတော့ ညီမလေးအနေနဲ့ ကိုကို့ကိုသံယောဇဉ်တွယ်တော့မယ်ဆိုရင် ကိုကို့ အတိတ်အကြောင်းလေးကိုတော့ သိထားသင့်တယ်လို့ထင်တယ်လေ"

သူမက ဒုတိယအကြိမ်ပြုံးပြန်ပါသည်။ ထိုအပြုံးကိုကား အဓိပ္ပာယ်မဖွင့်တတ်ပါ။ အဘယ်ကြောင့်ဆိုသော် သူမက ကျော်ကျော့်ကိုမကြည့်ပဲ သစ်ပင်၊ ပန်းပင်များဖြင့်ကွယ်နေသော မိုးကုတ်စက်ဝိုင်းဆီသို့လော…။ ဒါမှမဟုတ် အတိအကျ ပြောရခက်သော နယ်နမိတ်အစွန်းတစ်ခုဆီသို့လော…။ မသိတတ်နိုင်စွာရီဝေးလျက် ပြုံးနေသောကြောင့်ဖြစ်သည်။ ခဏနေမှ သူမ၏အပြုံးများ ပါးလျပျောက်ကွယ်၍ မျက်လွှာချလျက်ပြောသည်။

"အတိတ်ဆိုတာ တကယ်တော့ ကျန်ခဲ့တဲ့အရာပါ။ ကောင်းသည်ဖြစ်စေ။ ဆိုးသည်ဖြစ်စေ။ သယ်မလာသင့်တဲ့ အချိန်ရဲ့ပညတ်ချက်တစ်ခုပါပဲ။ အနာဂါတ်ဆိုတာလဲ ဒီအတိုင်းပဲ။ ဘာဖြစ်မှာပါလိမ့်ဆိုတဲ့ အတွေးမျိုးနဲ့ ကြိုတင်ကြံဆထားဖို့ မလိုဘူး။ ဒါဟာ စိတ်ကူးယဉ်ခြင်းပဲ။ မရောက်သေးတဲ့ အချိန်ကာလတွေကိုမျှော်ကြည့်ပြီး စိတ်ပျက်အားလျှော့နေဖို့လည်း မလိုဘူး။ တကယ်တော့ အတိတ်နဲ့အနာဂါတ်ဆိုတာ တကယ်မရှိပါဘူးလေ။ တကယ်မရှိတဲ့အရာအတွက် လူတစ်ယောက်ရဲ့ရုပ်နဲ့နာမ်ကိုသုံးစွဲတာ တရားမျှတပါ့မလား။ ညီမလေးကတော့ အခုလက်ရှိပိုင်ဆိုင်နေရတဲ့ အချိန်ကာလအပေါ်မှာပဲ စိတ်ကို တင်ထား

တယ်။ ဒါပေမယ့် ကိုကိုက ကိုကိုရဲ့အတိတ်ကို သိပ်သိစေချင်လို့ ပြောပြချင်နေတယ်ဆိုရင်တော့ ညီမလေးနားထောင်ပေးပါ့မယ်"

သက်ပြင်းမောတစ်ခု ကျော်ကျော့်ထံမှ ခုန်ထွက်ပေါက်ကျလာသည်။ ဤမိန်းကလေး နားလည်အောင် ဘယ်လို ပြောရပါ့။

"ညီမလေးပြောတာ မှန်ပါတယ်။ တို့ဗုဒ္ဓဘုရားရှင်ကတောင် ပစ္စုပ္ပန်တည့်တည့်ရှုရမယ်လို့ ဟောခဲ့သေးတာပဲ။ ဒါပေမယ့် ညီမလေးရယ် ကိုကို့အတိတ်ကိုတော့ ညီမလေးသိထားသင့်တယ်။ ဒါမှ ညီမလေးရဲ့ အနာဂါတ်ဘဝဟာ သာယာလှပနိုင်မယ်..."

"သာယာလှပနိုင်မယ်...။ ညီမလေးရဲ့အနာဂါတ်ဘဝဟာ သာယာလှပနိုင်မယ်... ဟုတ်လား..."

သူမက နားမလည်နိုင်စွာမေးသည်။ ကျော်ကျော်ကခေါင်းငြိမ့်ပြလိုက်တော့ အသိခက်စွာ သူမပြုံးပြန်ပါသည်။

"ဘာဖြစ်လို့ အဲဒီလို ပြောနိုင်ရတာလဲ"

"ဘာဖြစ်လို့လဲဆိုတော့ ကိုကိုဟာ ဘယ်သူ့ကိုမှ သံယောဇဉ်မထားထိုက်သလို၊ ဘယ်သူပေးတဲ့ သံယောဇဉ်ကိုမှ မခံယူထိုက်တဲ့လူတစ်ယောက် ဖြစ်နေလို့ပဲ..."

သူမက အံ့ဩစွာငေးကြည့်နေပါသည်။ ကျော်ကျော့်ခန္ဓာကိုယ်အားတွင်းဖောက် ဖြတ်သန်းသွားတော့မတတ် စိုက်ကြည့်နေခြင်းမျိုးလည်းဖြစ်သည်။ ထိုစကားများအဆုံးတွင် ကျော်ကျော့်ရင်တစ်ခုလုံး တုန်ခါပေါက်ကွဲနေသည်ကိုတော့ သူမက သိနိုင်လိမ့်မည်မထင်ပါ...။

*

တက္ကသိုလ်နယ်မြေ၌ ကျော်ကျော်ဆိုသောအမည်သည် သွေးရိုးသားရိုး ရုပ်တည်မှုမျိုးဖြင့် မရပ်တည်နိုင်ခဲ့ပါ။ "လူရုပ်၊ လူပွေ"ဆိုသောနာမဝိသေသနက သူ့အမည်ရင်းထက် အမြဲတာထွက်စောနေခဲ့သည်။ ရုပ်ချောသည်။ ကုမ္ပဏီပိုင်ရှင်သူဌေးသား။ လူတစ်ယောက်ကို စိတ်ရောကိုယ်ပါ ပြုံကျယိုင်လဲလာအောင် ပြောနိုင်စွမ်းသော နှုတ်ခမ်းမှုရေးရာ။ ကျော်ကျော်၏ ကိုယ်ရောင်ကိုယ်ဝါများကား တောက်ပ၍ဆုံးမည်မထင်။

ထိုရေတွက်၍မကုန်နိုင်သော ကျော်ကျော်၏ မက်လုံးများသည် သူ၏နာမည်ဆိုးများကို ဖုံးကွယ်၍ ပုံ့နှံ့နိုင်စွမ်းလည်း ရှိပြန်သည်။ ထို့ကြောင့် အပျော်အပါးမက်မောသော မိန်းကလေးတစ်ချို့၏အသိုင်းအဝိုင်း၌ ကျော်ကျော်မှာ ဒဏ္ဍာရီထဲကရွှေမင်းသားလေးပမာ ကိုယ်ထင်ပြနိုင်စွမ်းရှိနေခြင်းပင်ဖြစ်သည်။ မိန်းကလေးအများစု၏နှလုံးသား၌ ကျော်ကျော်ဆိုသည်မှာ လက်ညှိုးညွှန်ရာအချစ်ဖြစ်သော စိတ်ကူးယဉ် ပစ်မှတ်တစ်ခုသာ။

ကျော်ကျော်တွင် ယောကျ်ားလေးသူငယ်ချင်းဆို၍ ရှားရှားပါးပါး ရဲနိုင်နှင့်မင်းသားနှစ်ယောက်သာ ရှိသည်။ ရဲနိုင်က နယ်မြို့လေးမှနေ၍ ကျောင်းလာတက်သူ။ တက္ကသိုလ်တက်စ ကျောင်းသားပါးမဝသေးသော ရဲနိုင်၏အခက်အခဲများကို အရင်ရောက်နှင့်နေသောကျော်ကျော်က ကူညီဖြေရှင်းပေးရင်း ရင်းနှီးသွားကြသည်။ မင်းသားကတော့ နဂိုကတည်းက လူချစ်လူခင်များသူ။ ကျော်ကျော်နှင့်ငယ်ငယ်ကတည်းက ကျောင်းနေဘက်ဆိုတော့ ရင်းနှီးခင်မင်ကြတာမဆန်း။

ထိုနှစ်ယောက်မှလွဲ၍ ကျော်ကျော့်မှာ ယောကျ်ားလေးသူငယ်ချင်းမရှိ။ မိန်းကလေးများနှင့်သာ တရင်းတနှီးနေတတ်သောကျော်ကျော့်ကို

ကြည့်မရသူသာများသည်။ ကျော်ကျော်ကလည်း ကျော်ကျော်ပင်။ သူ၏ ဣတ္တိယကစားပွဲများအကြောင်းက တက္ကသိုလ်နယ်မြေတွင် မကြားချင်မှအဆုံး။ သူ့ကွယ်ရာတွင် အမြင်ကတ်သော ကျောင်းသားများက သူ့ကို နာမည်တစ်ခုပေးထားကြသည်။ ထိုနာမည်က " ..... "

*

“ဒီလိုနဲ့ ကိုကို့ရဲ့တက္ကသိုလ်ကျောင်းသားဘဝဟာ ထူးထူးခြားခြား ပြောစရာ ဘာမှမရှိဘဲ၊ ရိုးရိုးလေးပဲ ကုန်ဆုံးသွားခဲ့တယ်။ ကိုယ့်ဘဝရဲ့ အရေးအကြီးဆုံးအစိတ်အပိုင်းလဲဖြစ်၊ အခုအချိန်ထိ တစ်ခုတ်တရ ရင်နင့်ကြေကွဲစေအောင်ဖန်တီးခဲ့တဲ့ အဖြစ်အပျက်တွေလည်းဖြစ်တဲ့ ကံကြမ္မာရဲ့ရက်စက်စွာ ချိုးကွေ့မှုတွေဟာ ကျောင်းပြီးလို့ ဖေဖေ့ကုမ္ပဏီကိုဝင်ပြီး ဦးစီးရတဲ့အချိန်ကျမှ စတင်လာခဲ့တယ်။”

"ကျောင်းလဲပြီးရော ကိုကိုတို့သူငယ်ချင်းသုံးယောက်လည်း မဆုံဖြစ်ကြတော့ဘူး။ ရဲနိုင်ကနယ်ပြန်သွားပြီး ဘွဲ့တောင်မှ အဝေးရောက်ယူခဲ့တာ ညီမလေးလည်းအသိပဲ။ မင်းသားကတော့ ဇာတ်သဘင်လောကထဲ ခြေစုံပစ်ဝင်သွားတယ်လေ။ ဒါနဲ့ သိပ်မဆုံဖြစ်တော့ဘူး"

"ကိုကိုလည်းဘွဲ့ရပြီး ဖေဖေ့ကုမ္ပဏီလုပ်ငန်းကို ဦးစီးလုပ်ကိုင်ခဲ့တယ်။ စီးပွားရေးလောကထဲ ရောက်သွားတော့ ကျောင်းတုန်းကတွဲခဲ့ဘူးတဲ့ မိန်းကလေးတွေနဲ့လည်း အဆက်ပြတ်သွားတာပေါ့။ ခွေးမြီးကောက်ကျည်တောက်စွပ်ဆိုတဲ့ စကားပုံကို ကြားဘူးမှာပေါ့။ စီးပွားရေးလောကထဲရောက်သွားမှ အပျော်အပါးမက်တဲ့ကိုကို့ရဲ့ဉာဉ်ဟာလည်း ပိုဆိုးလာခဲ့တယ်။ တွေ့ရတာကလည်း လူပေါင်းစုံလေ...။ ကောင်းတာရောမကောင်းတာရောပေါ့။ မိတ်ဆွေအပေါင်းအသင်းမှန်သမျှကို

အပျော်အပါးလေးနဲ့တွဲပြီး ပေါင်းသင်းတတ်တဲ့လူဆိုတော့ တစ်ဖက်က လုပ်ငန်းပိုင်းမှာတော့ အောင်မြင်ခဲ့ပါတယ်။ ဝင်လိုက်တဲ့ငွေဆိုတာ သောက်သောက်လဲပဲ။ ဒါပေမယ့် အဲဒီငွေတွေဟာ ကိုယ့်ရဲ့ အနာဂါတ် ဘဝကိုဖို့သတ်မယ့် ငွေတွေဖြစ်နေတာကိုတော့ လုံးဝမရိပ်မိခဲ့ဘူး"

"အင်း ... ဒီလိုနေလာရင်းနဲ့တစ်နေ့မှာတော့ ကိုယ့်ဘဝကို တစ်ဆစ်ချိုးပြောင်းလဲပစ်မယ့် ဖန်ဆင်းရှင်တစ်ယောက်ကို တွေ့ခဲ့ရ တယ်။ သူ့နာမည်က "နွယ်"တဲ့...။"

*

ကျော်ကျော်၏မျက်ဝန်းညိုများထဲ၌ နွယ်သည် တွယ်ကပ်လှုပ်ရှားစ ပြုလာသည်။ တစ်နေ့...။ ထိုတစ်နေ့ကို သူ ဘယ်တော့မှ မေ့မည်မဟုတ် ပါ။ နွယ်ဆိုသော သူ့ဘဝအစိတ်အပိုင်းငယ်တစ်ခုကို စတင်တွေ့ရှိရ သောနေ့...။

ထိုနေ့က သူ၏ကုမ္ပဏီရုံးခန်းထဲသို့ သတင်းဆိုးတစ်ခုက တယ်လီဖုန်းနန်းကြိုးမျှင်များမှတစ်ဆင့် ဝင်ရောက်လာသည်။ ထို သတင်းဆိုးနှင့်အတူ ဘဝဟောင်းက ရေစက်ကလေးတစ်စက်သည် အနာဂတ်တို့ စွတ်ဆိုအေးမြစွာ ပါလာလိမ့်မည်ဆိုသည်ကိုတော့ သူမသိ ခဲ့ရိုးအမှန်ပါ။

*

တောင်ပေါ်မြို့လေးတစ်မြို့သို့ ကုန်ပစ္စည်းပို့ရန်လွှတ်လိုက်သော ကုမ္ပဏီပိုင်ကွန်တိန်နာတစ်စီး ဘရိတ်ပေါက်၍ ချောက်အနက်ထဲ ပြုတ်

ကျသွားသည်။ အောက်ခြေရောက်သည်နှင့် ကားမှာ မီးလောင်ပျက်စီးသွားသဖြင့် ကုန်ပစ္စည်းများအားလုံး ဆုံးရှုံးသည်။ ဆုံးရှုံးမှုပမာဏမှာ သိန်းထောင်ဂဏန်း...။ ဒါကအရေးမကြီး။ အရေးကြီးသည်က ကားမောင်းသူရော၊ ယာဉ်နောက်လိုက်ပါ တစ်ယောက်မှ အစရှာမရ။

ထိုမတော်တဆဖြစ်ပွားမှုမှာ လူအသေအပျောက်ရှိသဖြင့် အစိုးရအဖွဲ့အစည်းများနှင့် လုပ်ထုံးလုပ်နည်းများအတိုင်း လုပ်ရသည်။ ရှင်းလင်းစရာရှိတာ ရှင်းလင်းရသည်။ ထိုမျှနှင့်မပြီးသေး သေဆုံးသူများ၏မိသားစုများရှိရာသို့ ကိုယ်တိုင်ကိုယ်ကျသွား၍ အားပေးနှစ်သိမ့်ရသည်။ နစ်နာကြေးများပေးရသည်။ ထိုကိစ္စများအားလုံးမှာ ကုမ္ပဏီပိုင်ရှင်ဖြစ်သော ကျော်ကျော်၏ခေါင်းပေါ်သို့ ပုံကျလာတော့သည်။ ထိုသို့ဖြစ်ရခြင်းမှာ နွယ့်အား သူ့ဘဝထဲသို့ပစ်ထည့်ပေးရန် ကံကြမ္မာက ဖန်တီးလိုက်သော လှည့်ကွက်များသာဖြစ်ပေတော့သည်။

*

နွယ်သည်လှ၏။ သို့သော် နွယ်သည်မချောပါ။ မိတ်ကပ်များ၊ ပေါင်ဒါများ၊ ခေတ်မှီအဆင်တန်ဆာများနှင့် ဆင်ယင်လိုက်မှ ကြည့်ဖြစ်သော မိန်းမတစ်ယောက်ကို ချောသည်ဟုဆိုပါစို့။ သို့ဖြစ်လျှင် နွယ်သည်မချောပါ။ နွယ့်၌ နူးညံ့သောအလှသာရှိသည်။ အလှတရားစစ်စစ်တို့သည် နွယ့်ထံ၌ အစွမ်းကုန်ဖူးပွင့်ကြကုန်၏။ နွယ်၏အလှပေါ်၌ အိန္ဒြေသည် အမြဲတမ်း စားမိုးထားလေသည်။

နွယ့်ကို စတင်တွေ့ရှိရသောနေ့တွင် နွယ်သည် ဖြီးလိမ်းပြင်ဆင်မထားပါ။ ထို့အတူ နွယ်သည် ပြုံး၍လည်းမနေပါ။ မျက်ရည်ဥကြီးများ ပါးပေါ်လိမ့်ဆင်း၍ အဆုံးအစမထင်သောပရိဒေဝမီးများ ကျွမ်းလောင်ခံ

နေရရှာလေသည်။

ဤနေရာ၌ သနပ်ခါးမှုန့်လေးများလူး၍ အပြုံးချိုချိုလေးဖြင့်ဆီးကြို မှသာ ရင်ခုန်တတ်သူဆိုလျှင်တော့ နွယ့်ကိုမြင်လျှင် စိတ်ပျက်လက်ပျက် ဖြစ်သွားမှာသေချာသည်။ ကျော်ကျော်ကိုယ်တိုင်ပင် နွယ့်ကို အဘယ့် ကြောင့် စွဲလမ်းတပ်မက်ခဲ့မိမှန်းမသိ။ သေချာသည်ကတော့ နွယ်ဆို သောအပူသည်မိန်းကလေးမှာ ကြေကွဲစွာ လှရက်နိုင်အားပေသည်။

နွယ်၏ခင်ပွန်းမှာ သေဆုံးသွားသော ယာဉ်နောက်လိုက်တစ် ယောက်ဖြစ်သည်။ နွယ်ပြောပြ၍ သိရသည်မှာ ထိုယာဉ်နောက်လိုက် ကလေးနှင့် နွယ့်ကို နွယ့်မိဘများက သဘောမတူကြ။ နွယ့်မိဘများမှာ မချမ်းသာသော်လည်း အသောက်အစားမက်သော ယာဉ်နောက်လိုက် တစ်ဦးနှင့် သူတို့သမီး ကွန်ပျူတာကျောင်းသူကို သဘောမတူနိုင်ကြ။ သို့သော် နွယ်ကား မိဘမျက်နှာထက် အချစ်ကိုပို၍ အားနာတတ်သူ ဖြစ်သည်။ ယာဉ်နောက်လိုက်ကလေးကလည်း နွယ့်မိဘများကို မခံ ချင်၍ နွယ့်ပညာရေးကို ဆုံးခန်းတိုင်အောင် သင်ယူစေသည်။

ယခုတော့ နွယ့်ခမျာ အားကိုးရာရွှေတောင်ကြီး ပြိုကွဲရလေပြီ။ ထို့ ကြောင့် နွယ်ငိုပါသည်။ သို့သော် ရှိုက်သံတစ်ချက်မထွက်…။ ခန္ဓာကိုယ် ကတစ်ချက်မှမလှုပ်…။ မျက်ရည်ဥကြီးများအဆက်မပြတ် လိမ့်ဆင်း နေသည်ကို ကြည့်၍သာ နွယ်ငိုနေမှန်း သိရခြင်းဖြစ်သည်။ မျက်ရစ် ကလေးများမှာ ပေါက်ကွဲထွက်တော့မတတ် မို့မောက် ဖောင်းကား နေသည်။ ဖြူသောအသားအရေကြောင့် နားရွက်ဖျား၊ နှာသီးဖျား ကလေးများ၏နီရဲမှုမှာ အထင်းသား…။ ရှည်လျားနက်မှောင်သောဆံပင် များကား နွယ့်ခန္ဓာကိုယ်ကလေးပေါ်တွင် ဖရိုဖရဲ…။ ထိုနေ့က အပူသည် ကလေးနွယ်မှာ ကျော်ကျော့်မျက်စိထဲတွင် ကျွမ်းမြိုက်ဆူဝေစွာ ချစ်စရာ

ကောင်းနေပါတော့သည်။

*

ကျော်ကျော်သည် အိမ်သို့ ပြန်ရောက်သည့်တိုင် နွယ့်ကို မေ့မရ...။ ရေချိုးနေစဉ် ရေပန်းမှ ရေစက်၊ ရေပေါက်များကိုကြည့်၍ နွယ်၏မျက်ရည်စက်များကို သတိရသည်။ ထမင်းစားနေစဉ် အငွေ့ တထောင်းထောင်းထနေသော ဟင်းခွက်များကိုကြည့်၍ နွယ်၏ပရိဒေဝေ ကို သတိရသည်။ အိပ်ရာထဲရောက်၍ လေအေးပေးစက်သံကြားသည် ကိုပင် နွယ်၏ရှိုက်သံလေလောဟု ထင်မှတ်လာမိသည် အထိ...။

တစ်ဖြည်းဖြည်းနှင့် နွယ်သည်သူ့အား ဝါးမျိုလွှမ်းမိုးလာသောအခါ ကုမ္ပဏီကလျော်ကြေးပေးရုံနှင့် နွယ့်အပေါ် တာဝန်ကျေသည်ဟု သူမ ယုံကြည်နိုင်တော့ပေ..။ ထို့ကြောင့် နောက်တစ်နေ့ မနက်လင်းလျှင် လင်းချင်းပင် နွယ့်အား သူနှင့်အရင်းနှီးဆုံး ရာထူးတစ်နေရာခန့်ထား ကြောင်း အကြောင်းကြားလိုက်လေတော့သည်။ လောလောဆယ် အားကိုးရာမယ့်နေသောနွယ်ကလည်း ဝမ်းမြောက်ဝမ်းသာလက်ခံခဲ့ ပါသည်။ ကျော်ကျော့်ကိုလည်း ကျေးဇူးရှင်တစ်ယောက်လို တလေးတ စားဆက်ဆံခဲ့လေ၏။

*

"တိုတိုပြောရရင် အမြဲတွေ့နေရတဲ့နွယ်နဲ့ကိုကိုဟာ ရင်းနှီးလာခဲ့ကြ တယ်။ တဖြည်းဖြည်းနဲ့ သံယောဇဉ်တွယ်လာကြတယ် ဆိုပါတော့။ နောက်တော့လည်း ချစ်သူတွေ ဖြစ်သွားကြရောပေါ့ကွယ်။ ဒီလိုဖြတ်

ပြောလိုက်လို့ နွယ်ဟာ ကိုကို့အချစ်ကို လွယ်လွယ်နဲ့လက်ခံခဲ့တယ်လို့ မထင်ပါနဲ့။ သူ့ကိုချစ်မိနေတဲ့အကြောင်း စပြောတုန်းကဆို အလုပ်ထွက်မယ်တောင် လုပ်ခဲ့တာ။ နောက်မှ ကိုကိုကပြန်တောင်းပန်ပြီး နောက်တစ်ခါ ဒီလိုစကားမျိုး မပြောတော့ပါဘူးဆိုမှ အလုပ်ပြန်ဝင်ခဲ့တယ်။ ဒါပေမယ့် မေတ္တာဆိုတာ ရောင်ပြန်ဟပ်တယ်ဆိုတဲ့ စကားအတိုင်းပါပဲ။ အရင်လိုမဟုတ်ပဲ ပြောင်းလဲလာတဲ့ ကိုကို့ရဲ့အမူအကျင့်တွေ၊ သူနဲ့ပတ်သက်လာရင် သဲသဲလှုပ်ဖြစ်တတ်တဲ့ အပြုအမူတွေကြောင့် ကိုကို့ရဲ့ မေတ္တာအတိမ်အနက်ကို သူနားလည်ပြီး လက်ခံခဲ့ပါတယ်"

*

နွယ်နှင့်ကျော်ကျော် လက်ထပ်ဖို့ဆွေးနွေးသောနေ့…။ ထိုနေ့သည် လည်း ကျော်ကျော့်ဘဝတွင် မေ့မရနိုင်သော ဒုတိယမြောက်နေ့ တစ်နေ့ ဖြစ်သည်။

ထိုနေ့က နွယ်နှင့်သူ သူ့ရုံးခန်းလေးထဲမှာဘဲ စကားပြောနေခဲ့ကြသည်။ တစ်ခုထူးဆန်းသည်မှာ သူတို့နှစ်ယောက်၏ ချစ်သူဘဝ တစ်လျှောက်လုံး ဘယ်ရုပ်ရှင်ရုံကိုမှမရောက်။ ဘယ်ပန်းခြံကိုမှလည်း မသွား။ အရင်ရည်းစားတွေတုန်းကလို လူခြေတိတ်သောနေရာများကို တမင်ရွေး၍ကြည်နူးရန်ဆိုသည်မှာ ဝေးရော။ တစ်ခါတစ်ရံအအေးဆိုင်များ၊ ကော်ဖီဘားများ၊ စားသောက်ဆိုင်များသို့ သွားဖြစ်သည်မှာ အလွန်ဆုံး…။ များသောအားဖြင့် သူ့ရုံးခန်းကလေးထဲတွင်သာ ပုဝါတစ်ကမ်းလက်တစ်လှမ်း စကားပြောဖြစ်ခဲ့ကြသည်။ သူက ဘယ်မှသွားချင်စိတ်မရှိသလို နွယ်ကလည်း ဖာသိဖာသာပင်။ ထိုအချိန်များတွင် သူက လူပျိုဖော်ဝင်စ ဆယ့်ခြောက်နှစ်သားလေး ဖြစ်နေသလို၊ နွယ်ကလည်း

အပျိုဖြန်း မိန်းကလေးတစ်ဦးပမာ တစ်ယောက်နှင့်တစ်ယောက် မတို့ရဲ မထိရဲ ဖြစ်နေတတ်ကြသည်။

ထိုနေ့က သူတို့နှစ်ယောက်၏ တွေ့ဆုံမှုမှာလည်း အသားဆတ်တော်တော်ချို့တဲ့ခဲ့ပါသည်။ လက်ထပ်ဖို့အရေးအတွက် အသေးစိတ်တိုင်ပင်ခဲ့ကြသော်လည်း ကုမ္ပဏီအစည်းအဝေးတစ်ခုပမာ ပြီးဆုံးခဲ့ရသည်။ တစ်ယောက်လက်တစ်ယောက်ကိုင်၍ တယုတယရင်ခုန်ကြရန်ကိုပင် သတိမရကြ။ ထိုအချိန်က ကျော်ကျော့်ရင်ထဲတွင် သတိရမိတာ တစ်ခုပဲရှိသည်။ ထိုတစ်ခုကား မင်္ဂလာမဆောင်ခင် နှစ်ဦးစလုံးရဲ့ဘဝနောင်ရေးအတွက် သွေးစစ်ကြည့်ကြရန်ပင် ဖြစ်သည်။

ထိုကိစ္စကို နွယ့်အားပြောပြသောအခါ... နွယ်က သူ့အား နားမလည်နိုင်သလိုကြည့်၍...

"မောင်ပြောသလို သွေးစစ်ကြည့်ပါပြီတဲ့၊ မောင့်မှာ HIV ပိုးရှိနေရင် ကျွန်မ ဘာလုပ်ရမလဲမောင်"

(ထင်မှတ်မထားသော မေးခွန်းတစ်ခုဖြစ်နေသဖြင့် ထိုမေးခွန်းအတွက် သူ့တွင် အဖြေမရှိပါ။)

"ကျွန်မ ဒီလိုမေးလိုက်တော့ မောင်မဖြေတတ်တော့ဘူးမဟုတ်လား။ မောင်ရဲ့အရင်တုန်းက အကြောင်းတွေကိုလည်း ကျွန်မသိထားပြီးသားပါ။ မောင့်အတွက် HIV ပိုးမရှိဆိုတဲ့ အဖြေဟာ ကံကောင်းခြင်းဖြစ်ပြီး၊ HIV ပိုးရှိတယ်ဆိုတဲ့စကား အဖြေဟာ ဖြစ်သင့်တဲ့ကိစ္စတစ်ခုသာဖြစ်တယ် ဆိုတာကိုလည်း ကျွန်မ နားလည်ပါတယ်မောင်"

"မောင်ရယ်... ကျွန်မမောင့်ကို မစွန့်လွှတ်နိုင်ဘူး မောင်နဲ့ပဲ အတူနေချင်တယ်။ ရိုးမြေကျပေါင်းသင်းရတယ်ဆိုတဲ့ စကားကို မောင်နဲ့ပဲ သက်သေပြပါရစေကွယ်...။ ကျွန်မလေ ... ကျွန်မ ကံကိုယုံပြီး ဆူးပုံနင်း

ပါရစေ ...။ လုံးဝသွေးမစစ်လိုက်ပါနဲ့ မောင်ရယ် ... နော်။"

ထို့နောက် နွယ့်ကိုစတင်တွေ့ခဲ့ရသော နေ့ကကဲ့သို့ နွယ့်ပါးပြင်ပေါ်သို့ မျက်ရည်ဥကြီးများ လိမ့်ဆင်းကျလာကြသည်။ နွယ်ငိုနေပါပြီကော...။ သူသည် နွယ့်အားခပ်တင်းတင်းဖက်၍ နွယ်သည်သူ့အား မလွတ်တမ်းဖမ်းဆုပ်ထားကာ မျိုသိပ်ကြေကွဲခြင်းများဖြင့် နှစ်ယောက်သား ငိုကျွေးနေမိကြပါတော့သည်။

*

"အဲဒီအချိန်တုန်းကတော့ ကိုကိုဟာ နွယ့်ရဲ့ရဲတင်းလွန်းတဲ့အချစ်အတွက် ဂုဏ်ယူမိခဲ့တာအမှန်ပါပဲ။ ဘယ်လို အကြောင်းပြချက်နဲ့မှ နွယ့်ကိုစွန့်လွှတ်စရာမလိုတော့ဘူး ဆိုပြီးတော့လည်း ဝမ်းသာခဲ့ရတယ်။ ဒါပေမယ့် အဲဒါတွေအားလုံးဟာ ခဏပါပဲ ညီမလေးရယ်...။ နွယ်ပြန်သွားတဲ့အခါ ရုံးခန်းထဲမှာ ကိုကိုတစ်ယောက်ထဲကျန်ခဲ့တယ်။ ဒီတော့မှ အချစ်ကြောင့် ခေါင်းမပြူဝံ့တဲ့ဆင်ခြင်တုံ့တရားတွေဟာ ကိုကို့ဆီ ပြန်ရောက်လာခဲ့တယ်။ လျှပ်တစ်ပြတ်ကိုယ်ထင်ပြလိုက်တဲ့အတွက်ကြောင့် ကိုကိုဟာ အမှန်တရားကိုမမြင်ခဲ့တာပါလားလို့ သိလာရတယ်။

"ဒီလိုသိလာတာနဲ့အမျှ ကိုကိုဟာနွယ့်ကို အန္တရာယ်များတဲ့ သားရဲတွင်းထဲ မျက်စေ့မှိတ် ဆွဲမခေါ်ရက်တော့ဘူး။ ကိုကိုဟာနွယ့်ကို ဆင်ကန်းတောတိုး လက်ထပ်လိုက်မယ်ဆိုရင်တော့ ရတာပေါ့။ ဒါပေမယ့် အဲဒီလိုလက်ထပ်လိုက်လို့ ကိုယ့်မှာရောဂါပိုးရှိမနေရင်တော့ ဘာအရေးလဲ။ တကယ်လို့ ရောဂါပိုးရှိနေခဲ့ရင် နွယ့်ကို ကူးစက်သွားမယ်။ အတိတ်က ကိုယ်တစ်ယောက်ထဲ ကျူးလွန်ခဲ့မိတဲ့အမှားတွေအတွက် နွယ့်ကိုပါရောယောင်ပြီး အပြစ်ပေးမိသလို ဖြစ်သွားမှာပေါ့။ ဒါဟာ ဖြစ်

သင့်သလား ဖြူဖြူစင်စင်နဲ့ တဇွတ်ထိုးချစ်တတ်တဲ့နွယ်ဟာ အသက်ရှင်လျက်နဲ့ ဘဝတစ်ခုလုံး မြှုပ်နှံသင်္ဂြိုလ်ခံရတဲ့ အဖြစ်မျိုးနဲ့ တကယ်ရော ထိုက်တန်ရဲ့လား။ မေးခွန်းဆူးတွေဟာ ကိုကို့ခန္ဓာကိုယ်တစ်ခုလုံးကို ထိုးဖောက်ခြေမွနေကြတယ်။ ကိုယ်မဖြေရဲဘူးကွယ်"

"ကိုကို နွယ့်ကို သိပ်ချစ်တယ်။ သေချာပြီးသား အနာဂါတ်ဘဝလေးထဲက နွယ့်ကို ဖောက်ထွက်လွတ်မြောက်ခွင့် ပေးလိုက်ရမှာကို တွေးတောင်မတွေးရဲခဲ့ဘူး။ နောက်ဆုံး ဘယ်လောက်ထိ ရူးနှမ်းခဲ့လဲဆိုရင် စကားလုံးတွေ မနိုပ်စက်နိုင်တဲ့နေရာ၊ အကြည့်နက်နက်တွေ မလောင်ကျွမ်းနိုင်တဲ့နေရာ၊ အသံရောအလင်းရော ဘာမှ လက်လှမ်းမမှီနိုင်တဲ့ နေရာလေးတစ်ခုစီ နွယ့်ကိုခေါ်သွားပြီး ဘဝတစ်ခုတည်ဆောက်လိုက်ရင် ကောင်းမလားဆိုတဲ့အထိ တွေးခဲ့မိတယ်။ ဒါဟာ ကိုယ့်အတွက် မိုက်မဲစွာ အတ္တကြီးမှုပါပဲ။ ဘယ်လောက်ထိ အတ္တကြီးသလဲဆိုရင် အဲဒီတဒင်္ဂမှာ ကိုကို့စိတ်ဟာ လူရုပ်တောင်မပီတော့ဘူး။ တစ်ကိုယ်ကောင်းစိတ်တွေ ဖုထစ်ကြွယ်ဝနေတဲ့ ဘီလူးတစ်ကောင်လိုပဲ။"

"ကိုကိုသေရမှာ မကြောက်ပါဘူး ညီမလေးရယ်။ ရှားရှားပါးပါး အချစ်စစ်စစ်နဲ့ သွန်းလောင်းပုံဖော်ခဲ့ရတဲ့နွယ့်ကို စွန့်လွှတ်လိုက်ရမှာပဲ ကြောက်တာ။ ဘဝတစ်လျှောက်လုံး သိက္ခာတရားအပြည့်နဲ့ရပ်တည်ခဲ့တဲ့ ဖေဖေနဲ့မေမေ ကိုယ့်ကြောင့် အရှက်တကွဲဖြစ်ရမှာကို စိုးရိမ်တာ။ အဲဒီထောင်ချောက်တွေနဲ့ လွတ်အောင် ကိုယ်ဘယ်လိုပြေးရမလဲ"

"နောက်ဆုံးတော့ နွယ့်ကိုငဲ့ပြီး ကိုယ်မလုပ်ချင်ဆုံးအလုပ်ကို လုပ်ခဲ့ပါတယ်။ ဆရာဝန်ကြီးက ဘာမှမပြောပါဘူး။ စစ်ဆေးတွေ့ရှိချက်အဖြေလွှာကိုသာ လှမ်းပေးတယ်။ ဒါပေမယ့် ကိုယ်နားလည်လိုက်

တယ်။ စာရွက်လှမ်းပေးရင်း သက်ပြင်းချလိုက်တဲ့ ဆရာဝန်ကြီးရဲ့စိတ်ကို ကိုကိုနားလည်လိုက်ပါတယ်။ သေခြင်းတရားစီ တရွေ့ရွေ့ထွက်ခွာနေတဲ့ လူနာတစ်ယောက်ကိုကြည့်သလို လှမ်းကြည့်နေတဲ့ ဆရာဝန်ကြီးရဲ့မျက်မှန်အောက်က ကရုဏာမျက်လုံးတွေကို ကိုကိုနားလည်ခဲ့ပါတယ်။ ဒါကြောင့် စာရွက်ကိုတောင်ကြည့်မနေဘဲ လုံးခြေပြီး လွှင့်ပစ်လိုက်ခဲ့တယ်။ အခန်းထောင့်မှာ စိတ်ပျက်လက်ပျက်နဲ့တွန့်ကြေနေတဲ့ စာရွက်ကလေးရဲ့စာမျက်နှာတစ်ဖက်စီမှာ ကိုယ့်ဘဝနဲ့နှလုံးသားပါသွားတာကိုတော့ ဘယ်သူသိနိုင်မှာလဲကွယ်"

"အဲဒီအချိန်ကစပြီး ကိုကိုဟာ မရဏာရဲ့တုပ်နှောင်ခြင်းကို ခံလိုက်ရတယ်။ နေဝင်ချိန်ကို စိတ်မပါလက်မပါ စောင့်ကြည့်ဖို့ ဇွတ်အတင်းကြိုးတုပ်ခံလိုက်ရတဲ့ လူတစ်ယောက်ပေါ့။"

"ကိုကိုဘာလုပ်ရမလဲ။ ငယ်ငယ်လေးထဲကနေခုချိန်ထိ ကိုယ့်ဘဝမှာ ချီးကျူးအားကျတဲ့အသံတွေပဲ ဝန်းရံနေခဲ့တယ်။ မက်မောတွယ်တာတဲ့ အကြည့်တွေကိုပဲ ခံယူခဲ့ရတယ်။ ကဲ … ကိုကို့မှာ လူတောမတိုးဝံ့တဲ့ကပ်ဆိုးကြီး ဆိုက်ရောက်နေပြီ။ အားလုံးကကိုကို့ကို ကဲ့ရဲ့လှောင်ပြောင်ကြတော့မယ်။ ရွံရှာမုန်းတီးတဲ့အကြည့်တွေနဲ့ ကြည့်ကြတော့မယ်။ ကိုကို့ဘဝ တစ်လျှောက်လုံးမှာ လိုချင်ခဲ့တာကအောင်မြင်မှုပါ။ အခု ကိုကိုရနေတာက အတိုင်းအဆမရှိတဲ့ ဆုံးရှုံးမှု။ အချိန်နဲ့အမျှ ငတ်မွတ်တောင့်တခဲ့တာက မေတ္တာတရား။ ကိုယ့်ဆီရောက်လာတော့မှာက စွန့်ပစ်ဝိုင်းပယ်ခံရခြင်းနဲ့ အထီးကျန်ခြင်းတွေဘဲ မဟုတ်လား။"

"ကိုယ်စွန့်လွှတ်လိုက်ရတဲ့ အရာအားလုံးထဲမှာ အနမြောဆုံးကတော့ နွယ်နဲ့မေမေပဲ။ မေမေဟာ ညီအစ်ကို၊ မောင်နှမတွေအားလုံးထဲမှာ ကိုကို့ကို အချစ်ဆုံးပဲ။ ကိုကိုရဲ့ အဆိုးရွားဆုံး ခန္ဓာဗေဒဖောက်ပြန်မှုကြီးကို

သာ ကြားလိုက်ရရင် ဘယ်လိုမှ ဖြေဆည်နိုင်မှာမဟုတ်ဘူး။ မေမေစိတ်ဆင်းရဲမှာကို ကိုကိုမကြည့်ရက်ဘူး။ နောက်ပြီး ကိုကို့ရဲ့ မပျောက်ကင်းနိုင်တဲ့ ရောဂါဆိုးကြီးကို ငွေတွေသောက်သောက်လဲအကုန်ခံပြီး ကုသကြမှာကိုလည်း မလိုလားဘူး။ ဒါကြောင့် မေမေ့အတွက် စာတစ်စောင်၊ နွယ့်အတွက် စာတစ်စောင်၊ စာနှစ်စောင်ရေးပြီး ခြေဦးတည့်ရာ ထွက်လာခဲ့တာပဲ။"

*

ကျော်ကျော်သည် စကားများစွာပြောခဲ့ရသဖြင့် သိသိသာသာ မောပန်းနေသည်။ မိုးပွင့်ဖြူကိုကြည့်လိုက်တော့လည်း အသိခက်စွာ ပြုံးနေပြန်ပါသည်။ ဤမိန်းကလေး၌ ခံစားတတ်သောနှလုံးသားမှ ရှိပါ၏လော...။

"ကိုကို အခုလိုထွက်လာတော့ရော ကိုကို့အမေက စိတ်ချမ်းသာကိုယ်ချမ်းသာ ကျန်ခဲ့မယ်လို့ ထင်သလား။"

"ကိုကို့ ရောဂါအကြောင်းနဲ့ ပတ်သက်လို့ မေမေ့စာထဲမှာ တစ်စွန်းတစ်စမှ ထည့်မရေးခဲ့ဘူး။ ကပ်ဆိုးတစ်ခုရဲ့အောက်မှာ လွတ်မြောက်ခွင့်မရှိတဲ့ကိုယ့်အခြေအနေကို သိသွားတာထက်စာရင် အိမ်ကနေစိတ်အခန့်မသင့်လို့ ထွက်သွားတယ်ဆိုတာက ပိုမကောင်းဘူးလား ညီမလေးရဲ့..."

ပြုံးတတ်သောရောဂါအဆန်းတစ်မျိုး မိုးပွင့်ဖြူတွင် ရှိနေပြီလား။ သူမမျက်နှာပေါ်ရှိ ပြုံးအလှပန်းချီဆေးကား မပျောက်ပျက်နိုင်သေး။ ထိုအပြုံးသည် သူမနှုတ်ခမ်းခမ်းဖျား၌ မည်သည့်အချိန်ထိ တွယ်ကပ်နေမှာပါလိမ့်။ သူမတွင် ကိုယ်ချင်းစာတတ်သောနှလုံးသားမရှိဟု ထင်ချင်

လာမိသည်။

"အင်း ... တကယ်တော့ ကိုကိုဟာ ငယ်ငယ်လေးကတည်းက ဘဝ အကျိုးပေးကောင်းကောင်းနဲ့ ရွှေဘုံပေါ်စံမြန်းခဲ့ရတဲ့ မင်းသားလေး တစ်ပါးပဲ။ ရုတ်တရက် ဒီလိုရောဂါဆိုးမျိုးကြီး ရှိနေတယ်ဆိုတာ သိ လိုက်ရတော့ ရှက်တာရော၊ ဝမ်းနည်းတာရောပေါင်းပြီး ပတ်ဝန်းကျင် ဟောင်းကို ရင်မဆိုင်ရဲတော့ဘူး။ လူ့အသိုင်းအဝန်းက ဖယ်ကျဉ်ခံရမှာ ကို ကြောက်လာတယ်။ နာတာရှည်လူမမာကြီးတစ်ယောက်လို အိပ်ရာ ထက်မှာ အထီးကျန်ဆန်စွာ လှဲလျောင်းနေရမယ့်နေ့ရက်တွေကို မ ဖြတ်သန်းချင်တော့ဘူး။ ဒါကြောင့် ပတ်ဝန်းကျင်ဟောင်းကိုစွန့်ပစ်ပြီး၊ နေရာသစ်ကိုရှာတယ်။ တစ်ခါ ဒီနေရာသစ်က ကိုကိုရဲ့အကြောင်းတွေ ကို တနည်းနည်းနဲ့သိသွားခဲ့ရင် နောက်ထပ် နေရာသစ်တစ်ခုကိုဆက် ပြီး ခရီးထွက်ဦးမယ်။ ဟုတ်တယ် မဟုတ်လား ကိုကို။"

သေချာပြီ ဒီကောင်မလေး၌ ကိုယ်ချင်းစာတရားလုံးဝမရှိ။ သူမက ဘာကြောင့် ဒီစကားတွေ ပြောနေရပါသလဲ။ တော်တော့...။ မကြားချင် ဘူး....။ ဒီပန်းခြံထဲကနေ ထွက်ပြေးရရင် ကောင်းမလား။

"တကယ်တော့ ဒီရောဂါဟာ ကိုကို အစိုးရိမ်ကြီးနေသလို လူ့အသိုင်း အဝန်းထဲ မဝင်ဆံ့လောက်အောင်ဆိုးရွားတဲ့ ရောဂါမျိုးမဟုတ်ပါဘူး ကိုကို...။ နောက်ပြီး လူတွေအတော်များများ ယူဆကြသလို ရွံမုန်းစရာ ကောင်းတဲ့ ရောဂါလို့လည်း ညီမလေးကတော့ မထင်ဘူး။ ကုသစရာ ဆေးဝါးမရှိသေးတာကလွဲလို့ တစ်ခြားကိုးဆယ့်ခြောက်ပါး ရောဂါတွေ နဲ့ ဘာထူးလို့လဲ...။ ကံနာဝဋ်နာတစ်မျိုးလို့တော့ ပြောလို့ရတာပေ့ါလေ။ ဒါကလည်း ကုသစရာ ဆေးမပေါ်သေးလို့ပါ။ ဆေးရှိလာတဲ့အချိန်ကျရင် ဒီအယူအဆက ပျောက်သွားမှာပါ...။”

ကျော်ကျော်ကတော့ ဘာမှ ပြန်ဖြေရှင်းမနေချင်တော့ပါ။ သူမ အထင်နဲ့သူမသာ ရှိပါစေတော့…။ သူမတွင် မယုံနိုင်လောက်အောင် ကိုယ်ချင်းစာတရားခေါင်းပါးနေတာကိုတော့ ဝမ်းနည်းမိသည်။ ဒုတိယ အကြိမ် မိမိချစ်မက်တွယ်တာမိသော သူမသည် မာကျောခက်ထန် အပေါ်ရေတင်းနေသည့် နှလုံးသားပိုင်ရှင် ဖြစ်နေသည်ကိုတော့ ပြောမ ပြတတ်အောင် ဝမ်းနည်းနာကျင်ရပါသည်။ စတင်ဖွင့်ပြောမိတာကိုက သူ့အမှားပေကိုး။ သူမကတော့ ကျော်ကျော့် ခံစားချက်ကို မသိတတ်နိုင် စွာ ဆက်ပြောနေပြန်ပါသည်။

"ဗုဒ္ဓဘုရားရဲ့ တရားနဲ့ပြောရရင် ဖြစ်လာသမျှ အကျိုးတရားတွေရဲ့ အကြောင်းတရားဟာ ကံပါပဲ။ ဒီရောဂါကို ရွံမုန်းကြတယ်။ ဒီရောဂါ ဝေဒနာရှင်တွေကို ကဲ့ရဲ့ရှုံ့ချဝိုင်းပယ်ချင်ကြတဲ့လူတွေ…။ သူတို့ ကိုယ်တိုင်ကရော ကမ္ဘာတည်သရွေ့ မသေပဲနေမတဲ့လား။ ဒီရောဂါဖြစ် နေပေမယ့်လည်း ဒီရောဂါနဲ့ သေချင်မှသေမယ်။ ဒီရောဂါမဖြစ်ပေမယ့် လည်း ရုတ်တရက် ကောက်ကာငင်ကာ သေသွားနိုင်တာပဲ။ အခု… ကို ကို့ကိုပဲကြည့် လူကောင်းပကတိအတိုင်းပဲ။ ရောဂါဆိုးကြီးတစ်ခု ပူးကပ် နေတယ်လို့ လုံးဝထင်စရာမရှိဘူး။ ဘဝကိုရက်နဲ့တွက်ရင် အများကြီး နေလို့ရသေးတယ်။ နာရီနဲ့တွက်ရင် ပိုတောင်များသေး။ မိနစ်၊ စက္ကန့် တွေနဲ့တွက်ရင်တော့ ပြောမနေနဲ့။ သိန်းသန်းကုဋေ…။ အများကြီး နေ နိုင်သေးတယ်။ ဟိုတစ်နေ့ကတင်ပဲ ကိုကို့ထက်အများကြီးငယ်တဲ့ ကလေးတစ်ယောက် ကားတိုက်သေသွားတယ်။ ကဲ ... ဘယ့်နှယ်လုပ်မ လဲ။ သူဆို သူ့ဘဝကို အကြာကြီးနေရဦးမယ်လို့ တွက်ထားမှာ။ အဓိက က ကိုယ်အသက်ရှင်နေထိုင်နေရတဲ့ ကာလတိုတိုလေးကို ဘယ်လို အဓိပ္ပာယ်ရှိအောင် ဖြတ်သန်းမလဲဆိုတာပဲ။"

ထိုစကားများကို တရစပ်ပြောနေသော မိုးပွင့်ဖြူ၏မျက်နှာ၌ အပြုံး

ခက်ခက်ကလေးများ မရှိတော့ပါ။ ထူးခြားလေးနက်စွာ တည်ငြိမ်နေပါသည်။ ပြောသူက အိန္ဒြေရသလောက် နားထောင်နေရသောကျော်ကျော့်မှာသာ လူးလွန့်ဆူပွက်နေပါသည်။ ရင်ထဲ၌ဒေါသများကားတွန်းထိုးရုန်းကန်နေကြသည်။

သူ့တွင် ဆက်လက်သည်းခံနိုင်စွမ်းမရှိတော့ပါ။

"အေး ... မင်းကတော့ နှစ်သိမ့်ဖြောင့်ဖျနိုင်မှာပေါ့။ ဒီဝေဒနာက မင်းကိုယ်တိုင် ခံစားနေရတာမှ မဟုတ်ဘဲ"

ဒေါသတရားဖြင့် ပွင့်ထွက်ပေါက်ကွဲလာသော စကားလုံးတိုင်း၌ ပြင်းထန်သောလှိုင်းဂယက်များ ပါသည်။ ကျော်ကျော့်ဆီမှ မထင်မှတ်သောစကားများကို ကြားလိုက်ရသဖြင့် မိုးပွင့်ဖြူ၏ ခန္ဓာကိုယ်လေးမှာ ဆတ်ခနည်း တုန်လှုပ်သွားသည်။ ထို့နောက် အံ့သြတွေဝေသောမျက်နှာကလေးဖြင့် ကျော်ကျော့်ကို လှည့်ကြည့်နေရှာသည်။ အို... သူမမျက်ဝန်းတို့၌ မျက်ရည်တွေနဲ့ပါကော ...။

*

"ကိုကို့ကို ကျွန်မ ဒုတိယနှစ်တက္ကသိုလ်တက်စမှာ ကြုံတွေ့ခဲ့ရတဲ့ အဖြစ်အပျက်ကလေးတစ်ခုကို ပြောပြပါရစေကိုကို။ ဒီအဖြစ်အပျက်ကလေးကို နားထောင်ပြီးရင် ကိုကို ကျွန်မကို ကြိုက်သလိုပြောပါ။ ဒီ့ထက် ရက်စက်ရင့်သီးတဲ့စကားလုံးတွေနဲ့ ပြောမယ်ဆိုလည်း ညီမလေး ပြုံးပြီး နားထောင်နေပေါ့မယ် ကိုကိုရယ်..."

ပြောရင်း သူမငိုပါသည်။ သေးသွယ်ကျော့ရှင်းသော ကျောပြင်လေး သိမ့်သိမ့်ခါမျှ သူမငိုနေပါသည်။ သည်လိုဆိုတော့လည်း ကျော်ကျော်

စိတ်မကောင်းနိုင်ပါ။ ပြောမိတာများပြီကော...။ မငိုပါနဲ့ကလေးရယ်...။ ကိုယ့်ခံစားချက်နဲ့ကိုယ်မို့ အတ္တကိုရှေ့တန်းတင်ပြီး ပြောလိုက်မိတာပါ...။

"ဖေဖေနဲ့မေမေ ရှေ့ဆင့်နောက်ဆင့်ဆုံးပြီးတော့ ညီမလေးတို့မောင်နှမ ဘဝရှေ့ရေးအတွက် ပုဂ္ဂလိကဘဏ်တစ်ခုမှာ ပိုက်ဆံတွေ အများကြီးထားခဲ့တယ်။ ဒါကြောင့် ကိုကိုရဲ့နိုင်ဟာ ညီမလေးကို အဒေါ်တစ်ယောက်နဲ့ထားပြီး စိတ်ချလက်ချ ပညာသွားသင်နိုင်ခဲ့တယ်။ ကျောင်းသွားတက်နေရပေမယ့် ကိုကိုဟာ ညီမလေးကို လုံးဝစိတ်မချရဘူး။ ဒီမှာရှိတဲ့အဒေါ်ဟာ ညီမလေးရဲ့စားဝတ်နေရေး၊ ကျန်းမာရေးကအစ ကိုကို့ဆီကို တစ်လတစ်ခါ စာရေးအသိပေးခဲ့ရတယ်။ အဲဒီလောက်ထိ ညီမလေးအပေါ် အစိုးရိမ်ကြီးခဲ့တယ်။ ဘွဲ့ရပြီးပြန်တော့လည်း ညီမလေးအိမ်ထောင်မပြုသေးခင် သူအရင် အိမ်ထောင်မပြုဘူးဆိုပြီး စီးပွားရေးကိုဘဲ ကုန်းရုန်းရှာခဲ့တယ်။ အဲဒီလို ရှာခဲ့လို့လည်း မိဘတွေထားခဲ့တဲ့ ဥစ္စာဓနထက် အများကြီး တိုးတက်လာခဲ့တာ ကိုကို့အမြင်ပဲလေ"

"အဲဒီလိုနဲ့ ညီမလေးတို့မောင်နှမဟာ ချစ်ချစ်ခင်ခင်နဲ့ နေလာလိုက်ကြတာ။ ညီမလေး တက္ကသိုလ်ဒုတိယနှစ် ရောက်တဲ့နှစ်မှာပဲ ပြဿနာတစ်ခုဝင်လာတယ်။"

"ဒီမြို့ရဲ့ သူဌေးစာရင်းဝင် မြို့မျက်နှာဖုံးတစ်ဦးရဲ့သားက ညီမလေးကိုလက်ထပ်ပါရစေဆိုပြီး ကိုကို့ဆီမှာ လာတောင်းတယ်လေ။ ကောင်လေးက ညီမလေးနဲ့အတူတူ တက္ကသိုလ်တက်နေတာ။ ပညာအရည်အချင်း၊ ရုပ်ရည်၊ စီးပွားဥစ္စာ ဘာမှပြောစရာမရှိတော့ ကိုကိုကလည်း သဘောကျတယ်။ ညီမလေးကိုလည်း လက်ထပ်ဖို့ နားချတယ်

လေ။"

"အဲဒီလူက မိဘဥစ္စာထိုင်ဖြုန်းနေတဲ့လူရှုပ်လူပွေတစ်ဦးမို့ လက်မထပ်ပါရစေနဲ့လို့ ငြင်းတာကိုတောင် ကိုကိုက ဘာပြောတယ်မှတ်လဲ။ အိမ်ထောင်ရက်သားကျပြီးရင် ခြေငြိမ်သွားတဲ့လူတွေ အများကြီးပါတဲ့။"

"ညီမလေးက ဇွတ်အကြောက်အကန်ငြင်း၊ ကိုကိုကအတင်းနားချနဲ့ နောက်ဆုံး ညီမလေးကစိတ်ရှုပ်လာပြီး ယူမယ်လို့ ကတိပေးလိုက်တယ်။ သတို့သားလောင်းကြီးကတော့ ပျော်လို့ပေါ့။ သူက ညီမလေးအကြံကိုမှ မသိပဲ။ တကယ်တော့ ညီမလေးတို့မောင်နှမကို ရှင်ကွဲကွဲအောင်လုပ်ချင်တဲ့သူ့ကို ညီမလေးက အရှက်ခွဲဖို့ ကြံစည်ထားတာ။"

"ဒီလိုနဲ့ ဖိတ်စာတွေဘာတွေဝေပြီး မင်္ဂလာဆောင်မယ့်ရက်နီးလာရော ဆိုပါတော့။ မင်္ဂလာဆောင်ကာနီး တစ်ရက်အလိုမှာပဲ ညီမလေးက သတို့သားလောင်းကိုခေါ်ပြီး နှစ်ယောက်အတူသွေးစစ်ကြည့်မယ်လို့ ပြောလိုက်တယ်။ သတို့သားလောင်းခမြာ ပြာယာကိုခတ်သွားတာပဲ။ သူကလည်း သူ့ကိုယ်သူ မယုံဘူးလေ…။ မယုံစရာ ကောင်းလောက်အောင် လည်း ပွေခဲ့၊ ရှုပ်ခဲ့တာကိုး။"

"သူ့ခမျာ သွေးမစစ်ချင်လို့ ညီမလေးကို တောင်းပန်ရှာတယ်။ မျက်ရည်တွေဘာတွေတောင် ကျလို့။ ဒါပေမယ့် ညီမလေးက ဘယ်အလျှော့ပေးမလဲ။ သတို့သားမိဘတွေရော ကိုကိုပါ ဝင်တောင်းပန်တာတောင် ညီမလေးကမလျှော့ဘူး။ သွေးမစစ်ရင် ညီမလေးက မင်္ဂလာပွဲကိုဖျက်ပစ်မယ်လို့လဲ ပြောလိုက်ရော နှစ်ဖက်ဆွေမျိုး အသိုင်းအဝိုင်းတွေပါ မျက်လုံးပြူး ကုန်ကြရော။"

"မတတ်သာတဲ့အဆုံး သတို့သားခမျာလည်း အားမတန်မာန်လျှော့ပြီး သွေးစစ်ဖို့သဘောတူလိုက်တယ်။ ဒီလိုနဲ့ နှစ်ဖက်စလုံးနဲ့ရင်းနှီးတဲ့

ဆရာဝန်ကြီးတစ်ယောက်ဆီမှာ သွေးစစ်ကြရောဆိုပါတော့။ သွေးစစ်ထားတဲ့အဖြေသွားရတဲ့နေ့က သတို့သားခမျာ ကြောက်လွန်းလို့တုန်နေတာ ဆရာဝန်ကြီးရှေ့တောင် အိနြေ္ဒမဆည်နိုင်ရှာဘူး။ ညီမလေးကလည်း သူ့မှာ HIV ပိုးရှိကို ရှိရမယ်လို့ ကျိန်းသေတွက်ထားပြီးသား။ ဒါကြောင့် သူဒီလောက်ထိ တုန်လှုပ်နေတာပေါ့။"

သူမက ပြောလက်စကားကိုရပ်ပြီး ခြောက်သွေ့စပြုနေပြီဖြစ်သည့် မျက်ရည်စကလေးများအား လက်ခုံဖြင့် သုတ်နေပါသည်။ ကျော်ကျော့်မှာသာ အဖြေကိုသိချင်ဇောဖြင့် ရင်မောနေရပါပြီ။

"အဖြေထွက်လာတော့ အဲဒီကောင်လေးမှာ HIV ရောဂါရှိနေရောလား"

သူမက ဖြေးညှင်းစွာ ခေါင်းရမ်းပြပါသည်။ ထို့နောက် ကျော်ကျော်ဘက်သို့လှည့်၍ တိုးညှင်းစွာ တစ်လုံးချင်း ပြောလိုက်သည်။

"ညီ…မ….လေး…မှာ… ရှိနေတာ…"

*

ကြယ်ကြွေသံကို အရှင်လတ်လတ်ကြားလိုက်ရပါသည်။ နှလုံးသား၏ ပြိုကွဲပျက်စီးမှုများကား ဆုံးနိုင်ပါဦးတော့မည်လော။ နားစည်၌ ပေါက်ကွဲသော ဗုံးသည် သူမဘဝဖြစ်နေသည်မှာ စိတ်ပျက်စရာကောင်းလှပါ၏။ မြင်ကွင်းထဲ၌လည်း ခင်တွယ်ရာကမ္ဘာတစ်ခု လောင်ကျွမ်းသေဆုံးလျက်ရှိသည်။

"ဘယ်လိုဖြစ်ရတာလဲ ညီမလေးရယ်"

ထိတ်လန့်ကြေကွဲစွာ သူမေးတော့ သူမမျက်ဝန်း၌မျက်ရည်စများ မ

ရှိတော့။ နှုတ်ခမ်းခမ်းဖျား၌လည်း အသစ်စက်စက် အပြုံးခက်ခက်တစ်ခုက ချိတ်တွဲနေပြန်ပါပြီ။

"ကံတရားရဲ့ လှည့်ကွက်တစ်ခုပေါ့။ သူ့မှာ HIV ပိုးမရှိဘူးဆိုတာသိရတော့ သတို့သားဆိုတာ ပျော်လွန်းလို့ ဆေးခန်းထဲမှာ ထမကရုံတစ်မယ်ပဲ၊ ပြီးတော့.... အဟင်း...ဟင်း...(လှောင်ရယ်လျက်...) ပြီးတော့... ညီမလေးကို ကြည့်ပြီး စိတ်မကောင်းတဲ့အကြောင်း၊ ညီမလေးဖြစ်မယ့်အစား သူသာဖြစ်လိုက်ချင်တဲ့အကြောင်း၊ ဒါပေမယ့် သူ့မှာ သားကျွေးမှု၊ မယားကျွေးမှုတွေရှိသေးလို့ ကိုယ်စားဝင်ခံမပေးနိုင်တာ ခွင့်လွှတ်ပါဆိုပြီး မင်္ဂလာပွဲပျက်တဲ့အကြောင်းကိုပါ ခနဲ့တဲ့တဲ့ပြောပြီး ထွက်သွားတယ်လေ။ နောက်ပိုင်း သူ့မိဘတွေရော၊ သူကိုယ်တိုင်ကရော၊ သူ့ဆွေမျိုးအသိုင်းအဝိုင်းတွေကပါ အညှိုးနဲ့ ညီမလေးရဲ့သတင်းကို တစ်မြို့လုံးသိအောင် ဖြန့်ကြတော့တာပါပဲ ကိုကိုရယ်..."

"တောက်"

နာကျည်းခံပြင်းမှုကို အသံအဖြစ်နှင့်ကြားလိုက်ရသည်။ လူမဆန်စွာ ရက်စက်လိုက်ကြပုံများ...။ ရိုးသား၍ လူဦးရေ နည်းပါးသော ဤမြို့ကလေး၌ သူမ၏သတင်းသည် လူတိုင်းမမက်ဝံ့သော အိပ်မက်ဆိုးတစ်ခုပမာ တစ်မဟုတ်ချင်း ပျံ့နှံ့ပေရော့မည်။ နားဟူသမျှတို့အား ဤသတင်းတောမီးသည် ရှို့မြိုက်လောင်ကျွမ်းပေရော့မည်။ ကျော်ကျော်က ရင်ထဲမရှင်းသော အချက်ကို ဖွင့်မေးလိုက်မိသည်။

"ဒါနဲ့ဒီရောဂါပိုးကို ညီမလေးက ဘယ်ကရတာလဲ။ ကောင်လေးတစ်ယောက်ယောက် ..."

ပြောပြီးမှ သူ့စကားလွန်သွားမှန်းသိသည်။ သို့သော် မိုးပွင့်ဖြူက စိတ်ဆိုးဟန်မပြပါ။

"ညီမလေးမှာ ရည်းစားဆိုလို့ မူးလို့တောင်ရှူစရာမရှိဘူး။ အချစ်ဆို တာလည်း နားမလည်ဘူး"

"ဒါဖြင့် ..."

"စည်းကမ်းမယ့်တဲ့ဆံပင်ညှပ်ဆိုင် တစ်ဆိုင်ဆိုင်က သော်လည်းကောင်း၊ ဒါမှမဟုတ် ကျန်းမာရေး ညွှန်ကြားချက် အပြည့် အဝမလိုက်နာတဲ့ ဆေးခန်းတစ်ခုခုကသော်လည်းကောင်း၊ တနည်း နည်းနဲ့ ရောက်လာတာနေမှာပေါ့။"

"ဖြစ်နိုင်ပါတယ်။ ဒီရောဂါက ကျန်းမာရေး အသိအမြင်နည်းပြီး စနစ်တကျမကာကွယ်တတ်ရင် အင်မတန် ကူးစက်လွယ်တဲ့ ရောဂါမျိုး။ ကိုယ်တို့မြို့က ဘုန်းကြီးကျောင်းတစ်ကျောင်းမှာ ဦးပဉ္စင်းတစ်ချို့ အေ့(စ်) (AIDS) ရောဂါဖြစ်ကြတယ်။ ဒါကိုလည်းကြားရော မြို့ကလူတစ် ချို့က အဲဒီဦးပဉ္စင်းတွေကို အထင်အမြင်လွဲကြတယ်လေ။ နောက်မှ တာဝန်ရှိသူတွေက သေချာစုံစမ်းကြည့်တော့ ရောဂါပိုးရှိတဲ့လူတစ်ချို့ အဲဒီကျောင်းမှာ ဒုလ္လဘဝတ်သွားတာ သိရတယ်။ အဲဒီဒုလ္လဘတွေကို ခေါင်းရိပ်ပေးလိုက်တဲ့ဓါးတွေကို မစွန့်ပဲပြန်သုံးမိတော့ ဦးပဉ္စင်းတွေ ရောဂါပိုးကူးစက်ခံရတာပေါ့။ အဖြစ်မှန်ကိုသိရတော့မှ မြို့ကလူတွေက လည်း ဦးပဉ္စင်းတွေအပေါ် အမြင်ကြည်လင်လာပြီး ကရုဏာသက်ခဲ့ရ တယ်။ အင်း ... ရောဂါပိုးကူးစက်ခံရပြီး ကာလအတော်ကြာတဲ့အထိ လူကောင်းတစ်ယောက်လို နေနိုင်တာကိုက ဒီရောဂါရဲ့ ကြောက်မက် ဖွယ်အားသာချက်တစ်ခုပဲ။"

သူမက ဖြေးညှင်းစွာ ခေါင်းငြိမ့်ပြသည်။ ကျော်ကျော်က သူမလက် ကလေးကို တယုတယ ဆုပ်ကိုင်၍...

"ညီမလေးလို ရိုးသားအေးဆေးတဲ့မိန်းကလေးမှာမှ ဒီရောဂါဖြစ်ရ

တာ ကိုကို စိတ်မကောင်းပါဘူးကွယ်..."

"ဘယ်တတ်နိုင်ပါ့မလဲ ကိုကိုရယ်...။ ဒါဟာ ကံတရားကချ ပေးလိုက်တဲ့ ပေါက်မဲတစ်ခုပါပဲ။ ဖြစ်ကာစကတော့ ညီမလေးတို့ မောင်နှမနှစ်ယောက်လုံး ကြေကွဲဝမ်းနည်းမဆုံးပေါ့။ မောင်နှမနှစ် ယောက်လုံး ရှက်လွန်းလို့ အိမ်ထဲကအိမ်ပြင် မထွက်ရဲဘူး။ အချိန်ရှိ သရွေ့ နှစ်ယောက်သား ဖက်ငိုနေကြရတာပဲ။ ကိုကိုကဆို သူ့ကြောင့် ဖြစ်ရတယ်ဆိုပြီး အခုထိ ယူကြုံးမရဖြစ်နေရှာတာ။"

“ဝမ်းနည်းတာပဲဖြစ်ဖြစ်၊ ဝမ်းသာတာပဲဖြစ်ဖြစ် ကြာရှည်ထားရင် လူကို ဒုက္ခပေးတတ်တာချည်းပဲ။ ဥပါဒါန်ကြောင့် ဥပါဒ်ရောက်တယ်ဆို တဲ့ စကားလည်းရှိသားပဲ။ ဒီတော့ ကိုယ့်စိတ်ကိုယ် ဖြေရတယ်။ ညီမ လေး ငိုနေတာမြင်ရင် ကိုကိုလည်း ဘယ်လိုမှအရင်လို ပြန်နေနိုင်မှာ မဟုတ်ဘူးဆိုပြီး။ ကောင်းကောင်းအိပ်တယ်။ ကောင်းကောင်းစား တယ်။ ပုံမှန်နေသလို နေပစ်လိုက်တယ်။ ကျောင်းကိုလည်း ပုံမှန် သွားတက်မြဲအတိုင်း သွားတက်တယ်။ အတန်းထဲက သူငယ်ချင်းတစ်ချို့ ကဆို ညီမလေးကို မခေါ်ချင်ကြတော့ဘူး။ အတူထိုင်ရုံနဲ့ မကူးစက်နိုင် မှန်းသိရက်နဲ့တောင် ညီမလေးထိုင်တဲ့ခုံကို မထိုင်ချင်သလိုလို ဘာလိုလို နဲ့။ အားလုံးတော့လည်း မဟုတ်ပါဘူး။ တစ်ချို့အသိဉာဏ်ရှိတဲ့ ကျောင်းသားကျောင်းသူတွေကတော့ ညီမလေးကို အားပေးစကား လာ ပြောကြပါတယ်။ အံ့သြဖို့ကောင်းတာက တစ်ချိန်က ကိုယ့်ကိုချစ်လှပါ ချည်ရဲ့၊ ခင်လှပါချည်ရဲ့ဆိုတဲ့ သူငယ်ချင်းတစ်ချို့က ကိုယ့်ကို ရှောင်ဖယ် သွားကြပြီး၊ ကိုယ်နဲ့ခပ်တန်းတန်းနေခဲ့ကြတဲ့ သူငယ်ချင်းတစ်ချို့တွေက လာပြီး အားပေးကူညီတာကို ခံခဲ့ရတယ် ရီစရာမကောင်းဘူးလား။"

သူမ၏အမေးကို ကျော်ကျော်ပြန်မဖြေမိပါ။ တကယ်တော့လည်း

သူမ၏မေးခွန်းက ဖြေရန်လိုအပ်သော မေးခွန်းစစ်စစ်မျိုး မဟုတ်ချေ။ ယခုအချိန်တွင် သူမအားကရုဏာသက်စွာ ငေးစိုက်ကြည့်နေရုံမှတစ်ပါး လုပ်စရာမရှိပါ။ သူမကတော့ မြေပြင်ပေါ်မှ ကျောက်စရစ်ခဲတစ်လုံးကို ကောက်ယူ၍ ပင့်မြှောက်ကစားနေလေသည်။

"တကယ်တော့ လူတွေထက် ညီမလေးရဲ့ကံကြမ္မာက ပိုပြီး ရယ်စရာကောင်းတာ။ ဘဝတစ်လျှောက်လုံး တည်တည် ငြိမ်ငြိမ် ဖြတ်သန်းခွင့်ပေးပြီး တကယ့်ဖူးစပွင့်စအရွယ်ကောင်းကျကာမှ ရမ်းခါ တိမ်းမှောက်သွားအောင် လုပ်ရက်လိုက်တာလေ။ ကံကြမ္မာက ညီမလေး ကို ရှုံးနိမ့်လဲကျစေချင်တယ်။ ညီမလေးက ခုချိန်ထိ စိတ်ရဲ့တပ်ဦးမှာ အလံတလူလူ လွှင့်ထားတုန်း။ ကဲ ညီမလေးနဲ့ ကံကြမ္မာရဲ့တိုက်ပွဲက ပို ပြီး ရယ်စရာမကောင်းဘူးလား"

ပြောရင်းနဲ့ မရယ်ပဲသူမပြုံးပြန်ပါသည်။ ဒီနေ့တစ်နေ့လုံး စိတ်မ ကောင်းစရာများကြားမှ သူမကား ပြုံး၍ပဲနေပါသည်။ အံ့ဩစရာ...။ ကျော်ကျော်က သူမလက်ကလေးကို အားပေးသလို အနည်းငယ် ဆုပ် ညှစ်လိုက်ပါသည်။

"ကိုကို"

"ဟင်"

"ညီမလေးကို ကိုယ်ချင်းမစာတတ်တဲ့ကောင်မလေးလို့ မြင်သေး လားဟင်"

သြော်ကလေးရယ်... ဘယ်လိုများ မေးလိုက်ပါလိမ့်။ ကျော်ကျော့်ရင် ထဲ စိမ်းဆတ်နာကျင်ရပါသည်။

"ညီမလေးဟာ လောကဓံတရားကို အရွယ်နဲ့မမျှခံနိုင်ရည်ရှိတဲ့

သတ္တိခဲမလေးပါကွယ်"

"ညီမလေးလေ ကိုကို့အကြောင်းမသိခင်က ကို့ကို့အပေါ် တစ်ဖက်သတ်သံယောဇဉ်ထားခဲ့တယ်။ ကိုကို့ဆီက သံယောဇဉ်ကိုတော့ ပြန်ပြီး မမျှော်လင့်ခဲ့ပါဘူး။ အခု ကိုကိုနဲ့ညီမလေးက ဘဝတူတွေဆို တော့ ကိုကို့မေတ္တာကို မျှော်လင့်လို့ ရလောက်ပါပြီနော်။"

ကောင်းကင်နှင့်မြေကြီး ပူးညှပ်ပြီး သူ့နှလုံးသားကိုခြေမွနေသည်သို့ ခံစားနေရပါသည်။ ခန္ဓာကိုယ်တွင်းရှိ အသွေးအသားများကို ဆွဲဆုပ်လှုပ် ရမ်းလိုက်သလို ပြောနိုင်စွမ်းပါသည့် မိန်းကလေးရယ်။ ကျော်ကျော့်ပါး ပြင်များ စွတ်စိုပူနွေးလာရပါပြီ။ မသိစိတ်၏ခေါ်ဆောင်ရာသို့ ကျော် ကျော့်၏ ခန္ဓာကိုယ်အစိတ်အပိုင်းများကား လိုက်ပါနေကြသည်။

"ညီမလေးလေ အချစ်ဆိုတာကို ကိုကိုနဲ့တွေ့မှနားလည်ခဲ့ရတာပါ။ တကယ်တမ်း နားလည်ပြီလည်းဆိုရော ညီမလေးတို့ရဲ့ဘဝက နေဝင် ချိန်ကိုရောက်ကြရတော့မယ်နော်..."

"မပြောပါနဲ့တော့ကွယ်..."

တကယ်လည်း ကျော်ကျော့်တွင် ကြားနိုင်စွမ်းမရှိတော့ပါ။ သူမ နှုတ်ခမ်းဖျားမှ ပြေလျှော့ထွက်ကျလာသော စကားမှန်သမျှတို့သည် ကျော်ကျော့်ရင်ကို အလွှားလိုက်ကွာကျအောင် ခုတ်ထစ်ဖြတ်တောက် နိုင်စွမ်း ရှိပါပေ၏။

"စကားလေးတစ်ခွန်းတော့ ပြောပါရစေဦး ကိုကိုရယ် "

သူမကား ပြောရင်းဖြင့် ကျော်ကျော့်ရင်ခွင်ထဲမှ လူးလွန့်လာသည်။ ပြီးကျော်ကျော်နှင့် အကြည့်ချင်းဆုံနိုင်ရန် အားထုတ်သည်။ တစ် ယောက်ကိုတစ်ယောက် ဝေးလံခေါင်သီစွာငေးရီနေသလို ခဏမျှကြာ

အောင် စိုက်ကြည့်နေကြသည်။ ကျော်ကျော်နှင့်မိုးပွင့်ဖြူတို့၏ မျက်ဝန်း နှစ်ခုအကြား၌ အခိုးမျှင်ပါးပါးကလေးများ ဖြတ်သန်းနေပါတော့သည်။

"ကိုကို့ကို... ညီမလေး... သိပ်ချစ်တယ်..."

နေလုံးကား အမှန်တကယ်ဝင်သွားခဲ့ပါပြီ။ သို့သော် မကြာခင် ကောင်းကင်တွင် ကြယ်ကလေးများ ရောက်ရှိလာသည်။ ပန်းခြံ၏ မျက်နှာကျက်၌ လမင်းကလည်း အရှူးအမူးသာနေ၏။ မနက်ဖြန်၏မ သေချာခြင်းများကိုသာ ပိုင်ဆိုင်ထားသောသူတို့နှစ်ယောက်၏ ကြယ်စုံ လစုံအချစ်ညအောက်က မွတ်သိပ်သောအနမ်းများကို မည်သူမျှ မမြင် စေချင်ပါ။ ပန်းကလေးများနှင့် သစ်ရွက်ကလေးများသော်မှ နက်ရှိုင်းသောအမှောင်၌ နစ်မြုပ်ပုန်းကွယ်နေကြပြီ။ ဖြစ်နိုင်လျှင် သက်ရှိ၊ သက်မယ့်၊ အရာအားလုံးကို အိပ်မွေ့ချထား လိုက်ချင်ပါသည်။

*

ကျွန်တော့်ဝတ္ထုသည် ဤနေရာတွင် ပြီးပြီဖြစ်ပါသည်။ သို့သော် ကျွန် တော့်တွင် ပြောစရာများကျန်နေပါသေးသည်။ ဒီဇာတ်လမ်း၏ နောက်ဆက်တွဲအဖြစ်အပျက်များကို ဆက်လက်ဖော်ပြချင်ပါသေး သည်။ ဤဝတ္ထုကို အထက်ပါနေရာတွင် ဖြတ်၍ ဆက်မဖတ်ပဲ နေလိုက နေနိုင်ပါသည်။ အချိန်အားရ၍ အပျင်းပြေသဘောနှင့် ဆက်ဖတ်မည်ဆို ပါကလည်း ဖတ်နိုင်ပါ သည်။ စာဖတ်သူ၏သဘောအတိုင်းသာ ဆုံးဖြတ်နိုင်ပါသည်။

ကျွန်တော်သည် မြန်မာပြည်အနှံ့ လှည့်လည်ကပြနေရသော ဇာတ်မင်းသားလေးတစ်ဦးဖြစ်ပါသည်။ များသောအားဖြင့် ကျွန်တော် ကပြရသောပွဲများမှာ ဘုရားပွဲ၊ ကျောင်းပွဲ၊ အလှူပွဲစသည့် ဘာသာရေးနှ

င့်ဆိုင်သောပွဲများသာ များပါသည်။

ပြီးခဲ့သောနှစ်ကတော့ တောင်ပေါ်မြို့လေးတစ်မြို့တွင် ထူးထူးခြား ခြား ပွဲတစ်ပွဲကခဲ့ရပါသည်။ ထိုပွဲမှာ မင်္ဂလာဆောင်အောင်ပွဲ ဖြစ်ပါသည်။ ယခုခေတ်တွင် မင်္ဂလာဆောင်များ၌ ပွဲလမ်းသဘင်ခင်းကျင်းသော အလေ့အထမှာ ပျောက်သလောက်ပင်ရှိနေပါပြီ။ ထို့ကြောင့် ထိုပွဲလာငှားသောအခါ ကျွန်တော့်မှာ အံ့ဩခဲ့ရပါသည်။ သို့သော် မင်္ဂလာဆောင်သည့် သတို့သား၊ သတို့သမီးတို့၏အမည်ကိုတွေ့ရသောအခါ မအံ့ဩတော့ပါ။ သတို့သားမှာ တက္ကသိုလ်တုန်းက ကျွန်တော့်၏အရင်းနှီးဆုံး သူငယ်ချင်းဖြစ်၍ သတို့သမီးမှာ ကျွန်တော့်အချစ်ဆုံးသူငယ်ချင်း၏ညီမ ဖြစ်နေသောကြောင့်ဖြစ်ပါသည်။

ထို့ကြောင့်ပင် ထိုပွဲကို ကျွန်တော့်အနေနှင့် စရိတ်စကလောက်ရရင်ပြီးရောဟု သဘောထားကာ ဈေးလျှော့လက်ခံ ခဲ့ပါသည်။ ပွဲရှင်များမှာ သူငယ်ချင်းအရင်းများဖြစ်နေသဖြင့် ပွဲပြီးသော်လည်း ကျွန်တော့်ကို မပြန်စေချင်ကြပါ။ ကျွန်တော့်မှာလည်း ပွဲအားရက်အနည်းငယ်ရှိနေသဖြင့် ဇာတ်အဖွဲ့ကိုအရင်ပြန်လွှတ်ပြီး သူတို့ဆန္ဒအတိုင်း တစ်ညအိပ်နေခဲ့ရပါသည်။

ရင်းနှီးချစ်ခင်ခဲ့သော သူငယ်ချင်းများပီပီ ထိုညက ရှေးဟောင်းနှောင်းဖြစ်များနှင့် လူချင်းမတွေ့ခင်စပ်ကြား ကိုယ်စီဘဝအတွေ့အကြုံများကို ပြန်ပြောလိုက်ကြသည်မှာ မိုးစင်စင်လင်းခဲ့ရပါသည်။ ကျွန်တော့်အတွက် ပွဲနားလျက်နှင့် အိပ်ရေးပျက်ခဲ့ရသော ညတစ်ညဖြစ်ပါသည်။

ကျွန်တော်တို့ သူငယ်ချင်းသုံးယောက်ပြောသောစကားများအနက် ဉာဏ်ဝတ္ထုနှင့်ဆိုင်သော စကားများကို အောက်တွင် ပြန်လည်ဖော်ပြ

လိုက်ပါသည်။

"ငါနဲ့ညီမလေး လက်ထပ်ကြတာကို မင်းဘယ်လိုမြင်လဲ"

"ဘာကိုဘယ်လိုမြင်ရမှာလဲကွ"

"ဟိုဟာကွာ ... ဘယ်လိုပြောမလဲ။ ဒီလောက် ရောဂါဆိုးကြီး ခံစားနေရတောင် အိမ်ထောင်သားမွေး ပြုချင်သေးတယ်လို့ မမြင်ဘူးလား"

"မမြင်ပါဘူး"

"ဒါဆိုရင်တော့ ကျေးဇူးပါပဲကွာ။ တကယ်တော့ ငါတို့လက်ထပ်ခဲ့ကြတာ သွေးသားဆန္ဒ၊ တဏှာပေမသက်သက် လုံးဝမဟုတ်ပါဘူး။ အဲဒါတော့ ငါ ရဲရဲပြောရဲပါတယ်။ ဒါဖြင့် ဘာကြောင့် လက်ထပ်ထားလဲဆိုတော့လဲ ငါ့မှာအဖြေမရှိဘူး။ တို့နှစ်ယောက်ရဲ့ကြားထဲမှာ သိမ်မွေ့တဲ့နားလည်မှုလေး တစ်ခုတော့ရှိတယ်ကွ။ အဲဒါကို မင်းနားလည်အောင်လည်း ငါ ရှင်းမပြတတ်ဘူး"

"ရှင်းပြမနေပါနဲ့ကွာ ငါနားလည်ပါတယ်။ ငါနားလည်တယ်ဆိုတဲ့အကြောင်းသိအောင် မင်းကို ငါကြုံခဲ့ရတဲ့ အဖြစ်အပျက်တစ်ခုပြောပြမယ်"

"တစ်ခါက ငါမြို့တစ်မြို့ကိုပွဲသွားကတော့ လူတစ်ယောက်နဲ့ရင်းနှီးခဲ့ရတယ်။ သူ့မိန်းမက ခြေထောက်နှစ်ဖက်စလုံး ပိုလီယိုရောဂါဖြစ်နေလို့ လမ်းမလျှောက်နိုင်ဘူး။ ချိုင်းထောက်နဲ့သွားနေရတဲ့ဒုက္ခိတ။ ယောကျာ်းလုပ်တဲ့သူက ဘာပြောလဲဆိုတော့ "သူ့ကိုကျွန်တော် သနားလို့ယူခဲ့တာ"တဲ့...။ ဒါပေမယ့် အဲဒီပြောတဲ့ လူကိုယ်တိုင်က ခြေထောက်တစ်ဖက်မရှိဘူး"

(ကျွန်တော့်စကားအဆုံးမှာ သူတို့ရယ်ကြပါသည်။)

"အဲဒါကို ငါ့အမေကမြင်တော့ ခုနက မင်းပြောသလိုပေါ့ကွာ။ ဒုက္ခိတတွေဖြစ်နေတာတောင် အိမ်ထောင်သားမွေး ပြုချင်ကြသေးတယ်တဲ့"

(သူတို့မရယ်ကြတော့ပါ)

"ဒါပေမယ့်ငါက အမေ့လိုမမြင်ဘူး။ ဒါဟာ လူသားဆန်မှုပဲ။ လူတစ်ယောက်ရယ်လို့ဖြစ်လာရင် အိမ်ထောင်သားမွေးပြုခြင်း၊ ချစ်သူရှာခြင်း၊ ဘဝခရီးဖော်နဲ့ လက်တွဲခြင်းဆိုတာတွေဟာ လောကီနယ်ပယ်မှာတော့ သိပ်ကိုလှပပြီး လူသားဆန်တဲ့သဘောတရားလေးတွေလို့ပဲ ငါမြင်ပါတယ်"

"ဒုက္ခိတပဲဖြစ်ဖြစ်၊ နာတာရှည်ရောဂါသည်ပဲဖြစ်ဖြစ် လူမှန်ရင် မေတ္တာတရားလိုတယ်။ အားပေးကူညီမှုလိုတယ်။ နားလည်ဖေးမမှုလိုတယ်။ အေး... ဒီလိုပဲ မင်းတို့နှစ်ယောက်ကြားမှာလည်း နူးညံ့သိမ်မွေ့တဲ့ဆက်သွယ်ချက်တစ်ခု ရှိတယ်။ ဒါကို လူတိုင်းတွေ့မြင်နိုင်ဖို့ကတော့ မလွယ်ဘူးပေါ့ကွာ..."

*

နောက်တစ်နေ့တွင် ...

အကွေ့အကောက်များလှသော တောင်ပတ်လေးအတိုင်း ကျွန်တော့်ဇာတ်အဖွဲ့ပွဲကူးရှိရာမြို့သို့ လိုက်လာခဲ့ပါသည်။

လမ်းတစ်လျှောက်တွင် ဖြူစင်သန့်ရှင်းသောနှင်းတို့ကား အဆုံးအစမထင်အောင် ကျဆင်း၍နေပါသည်။ ထိုကျဆင်းနေသောနှင်းတို့သည် အရွက်မရှိ၊ အပွင့်ချည်းသက်သက်ဖြင့် လောကအားအလှဆင်နေသည့်

စံပယ်ပန်းရုံတစ်ခုနှင့်လည်း တူပေသည်။ ထိုနှင်းပွင့်စပယ်တို့ကား ကျွန်တော်၏ရှေ့ခရီးအား ဖြူစင်စွာကာဆီး၍ နေပြန်ပါသည်။ နှင်းအစစ်၊ မြူအစစ်တို့အား သက်ရှိလူသားတစ်ဦးကဲ့သို့သဘောထား၍ စဉ်းစားကြည့်မည်ဆိုလျှင်၊ ၎င်းတို့၏ရင်ထဲ၌ ကမ္ဘာလောကကြီးအား အေးမြစင်ကြယ်စေချင်သည့် ရည်ရွယ်ချက်မျိုးသာ ရှိပေလိမ့်မည်ဟု ထင်မိပါသည်။ သို့သော် ကမ္ဘာလောကကြီးသည် ထိုလာခြင်းကောင်းသောနှင်းတို့အား ကာလကြာရှည်စွာ လက်ခံမထားနိုင်ပါ။ ထိုက်တန်သော နေရာတစ်ခုကိုလည်း အစဉ်အမြဲမပေးနိုင်ပါ။ မည်မျှပင် ဖြူစင်သည်ဖြစ်စေ နှင်းဆိုသည်မှာ အချိန်တန်လျှင် အရည်ပျော်စီးဆင်းရစမြဲပင်ဖြစ်ပါသည်။

"ငါ့ဆန္ဒကတော့ သူတို့နှစ်ယောက်ရဲ့ ကျန်နေသေးတဲ့ဘဝတာတိုတိုလေးကို စိတ်ချမ်းသာခြင်းအပြည့်အဝနဲ့ ကုန်ဆုံးသွားစေချင်တယ်။ ဒါ့ကြောင့်လည်း ဒီမင်္ဂလာပွဲကို ငါကိုယ်တိုင်စီစဉ်ပေးလိုက်တာ။ ပတ်ဝန်းကျင်ကို အရွဲ့တိုက်ချင်တဲ့ စိတ်ကလေးလည်း နည်းနည်းတော့ ပါတာပေါ့ကွာ။"

အစ်ကိုတစ်ယောက်၏မေတ္တာစိတ်အပြည့်ဖြင့် မချိတင်ကဲပြောလိုက်သော ရဲနိုင်၏အသံကို ပြန်လည် ကြားယောင်နေမိပါသည်။

ကျွန်တော် မနေ့ညက တစ်ညလုံးမအိပ်ခဲ့ရပါ။ သို့သော် လမ်းခရီးတစ်လျှောက်လုံး အိပ်ချင်စိတ်လုံးဝမဖြစ်ပေါ်ခဲ့ပေ။ ကျွန်တော့် သူငယ်ချင်းဇနီးမောင်နှံအကြောင်း စဉ်းစားမိနေသောကြောင့် ဖြစ်ကောင်းဖြစ်ပါလိမ့်မည်။ ထိုဇနီးမောင်နှံမှာ ကျော်ကျော်နှင့်မိုးပွင့်ဖြူ ဖြစ်သည်ကိုတော့ အထူးပြောရန် လိုမည်မထင်ပါ။ သူတို့နှစ်ယောက်သည် အချိန်တန်၍ ကမ္ဘာလောကမှ ကွယ်ပျောက်သွားသည့်တိုင် ကျွန်

တော့်၏စိတ်အတွေး၌မူ ဖြူစင်သောနှင်းပွင့်ကလေးများအဖြစ် အစဉ်အမြဲ တည်ရှိနေနိုင်ပါလိမ့်မည်…။ ။

**ဇော်သစ်**

28.8.03

*